ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၄၀) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၄၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၆.၇၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ၎င်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ် ကျော်ဦးလွင်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ၎င်းအတိုင်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ၎င်းအတိုင်း။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးဇော်နိုင်ဦး၊ မွန် (၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော် က စုစုပေါင်း ခွင့်ပြုထားသူ(၅၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးကတစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

## ပခုက္ကူမြို့နယ် ခုတင်(၂၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးကို ခုတင်(၃၀၀)ဆံ့ စံကိုက်အထွေထွေ ရောဂါကု ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ပခုက္ကူမြို့နယ် ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးကို ခုတင်(၃၀၀)ဆံ့ စံကိုက်အထွေထွေ

ရောဂါကုဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးကို ခုတင် (၃၀၀)ဆံ့ စံကိုက် အထွေထွေ ရောဂါကုဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ဟာ ခရိုင်ရုံး စိုက်ရာမြို့ ဖြစ်ပြီးတော့ ယခုဆိုလို့ရှိရင် ပခုက္ကူမြို့နယ်မှာ မြို့(၂)မြို့၊ ကျေးရွာအုပ်စု (၅၄)အုပ်စု၊ ကျေးရွာပေါင်း (၂၅၂)ရွာ၊ ရပ်ကွက်ပေါင်း(၂၇)ရပ်ကွက်နဲ့ လူဦးရေ (၂၉၂၉၃၅)ဦးရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ ပခုက္ကူမြို့နယ်မှာ ခုတင်(၂၀၀)ဆံ့ ဆေးရုံ(၁)ရုံ၊ တိုက်နယ်ဆေးရုံ(၄)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း(၃၄)ခုနဲ့ ပခုက္ကူမြို့နယ်မှာရှိတဲ့ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါတယ်။ ပခုက္ကူမြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးမှာ အထွေထွေရောဂါကုဆေးရုံကြီးဖြစ်တဲ့ အားလျော်စွာ ပခုက္ကူခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်များဖြစ်တဲ့ ရေစကြို၊ ပေါက်၊ မြိုင်၊ ဆိပ်ဖြူမြို့နယ်များအပြင် ချင်းပြည်နယ်မှာရှိတဲ့ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မှ တိုင်းရင်းသားပြည်သူများပါ အားကိုးအားထား ပြုရတဲ့ ဆေးရုံအဖြစ် တည်ရှိနေပါတယ်။ နေ့စဉ်လူနာဦးရေ (၂၀၀)၊ (၂၅၀)အား ကုသမှုပေးလျက်ရှိပါတယ်။ ရာသီအလိုက် ဖြစ်ပွားတဲ့ ရောဂါများ ဖြစ်ပွားမှုများတဲ့ မိုးတွင်းအချိန်မှာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများတဲ့ အချိန်မှာ ဆိုလို့ရှိရင် လူနာဦးရေမှာ ပိုမိုများပြားပြီးတော့မှ ဆေးရုံမှာရှိတဲ့ လူနာကုတင်များမှာ ဆိုလို့ရှိရင် (၂)ဦး၊ (၃)ဦးထားပြီးတော့မှ ကုသ ပေးနေကြရပါတယ်။

ဧရာဝတီမြစ်ကူးတံတား ဖွင့်လှစ်ပြီးနောက် လမ်းပန်းဆက်သွယ်ရေးများ အထူးကောင်းမွန်လာရာမှာ ဧရာဝတီမြစ်အနောက်ဘက်မြို့နယ်မှာရှိတဲ့ ကျေးရွာများသာမက၊ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းမှာရှိတဲ့ ပုဂံ၊ ညောင်ဦးမြို့နယ်မှ ကျေးရွာနေပြည်သူများ မြင်းခြံမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်များမှ ပြည်သူများပါ ပခုက္ကူ ခုတင်(၂၀၀)ဆေးရုံသို့ လာရောက်ကုသမှု ခံယူကြရာမှာ လူနာဦးရေဟာ အဆမတန် များပြားပြီးတော့ ဆေးရုံမှာရှိတဲ့ လူသွားစင်္ကြန်များပါမကျန် ထားရှိပြီးတော့ ကုသပေးနေကြရာမှာ ဆေးရုံဝန်ထမ်းများ၊ ဆရာဝန်များအားလုံးဟာ အချိန်မလပ် ကုသပေးနေကြရပါတယ်။

ပခုက္ကူမြို့နယ် အနီးပတ်ဝန်းကျင် ကျေးရွာဒေသများမှလည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး လူမှုရေးအသင်းအဖွဲ့ အဖွဲ့အစည်းများမှလည်းနေရာအနှံ့ တိုးချဲ့ဖွဲ့စည်းပြီးတော့မှ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုကူညီဆောင်ရွက်လာကြသဖြင့် ဆေးရုံကြီးသို့ ရောက်ရှိလာကြတဲ့ ကုသတဲ့ လူနာဦးရေ အရေအတွက်ဟာ ပိုမိုများပြားလျက်ရှိရာ လက်ရှိ ခုတင်(၂၀၀)

ဆေးရုံကြီးအား အဆင့်မြှင့်တင်ပြီး ပြည်သူများရဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးရန် လိုအပ်လျက်ရှိပါတယ်။ လက်ရှိ အခြေအနေမှာလည်းပဲ ပခုက္ကူမြို့နယ်ဆေးရုံကြီးမှာ လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိတာကိုလည်း တွေ့မြင်နေကြရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်ရှိ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးအား ခုတင်(၃၀၀)ဆံ့ စံကိုက်အထွေထွေရောဂါကုဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်ကာလမှာဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ကျိုင်းတုံမြို့နယ် မိုင်းကိုင်ကျေးရွာ ၁၆ ခုတင်ဆံ့ဆေးရုံ အဆောက်အအုံအား ပြုပြင်မွမ်းမံပြီး လိုအပ်သည့် ဆေးရုံသုံး ပစ္စည်းများ ဖြည့်ဆည်းပေးရန်နှင့် ဆရာဝန်တစ်ဦး ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော် က ကျိုင်းတုံမြို့နယ် မိုင်းကိုင်ကျေးရွာ ၁၆ ခုတင်ဆံ့ ဆေးရုံအဆောက်အအုံအား ပြုပြင်မွမ်းမံပြီး လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးရန်နှင့် ဆရာဝန်တစ်ဦး ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဗိုလ်မှူးချုပ်အောင်ကျော် (တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့စည်းဝင်ပုဂ္ဂိုလ်များ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၁၉၇၁၇၊ ဗိုလ်မှူးချုပ်အောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ မိုင်းကိုင်ကျေးရွာ ၁၆ ခုတင်ဆံ့ဆေးရုံ အဆောက်အအုံအား လိုအပ်တဲ့ပြုပြင်မွမ်းမံမှုများ ပြုလုပ်ပေးဖို့နဲ့ ဆရာဝန်တစ်ဦး ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် အရှေ့ပိုင်းကျိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းကိုင်ကျေးရွာဟာ ကျိုင်းတုံမြို့နယ်ရဲ့ အရှေ့ ဘက် အစွန်ဆုံးမှာ တည်ရှိပါတယ်။ မိုင်းကိုင်ကျေးရွာ ကနေပြီးတော့ ကျိုင်းတုံတစ်မြို့တည်းကိုသာ ဆက်သွယ် သွားလာနိုင်ပြီး မြေသားလမ်း (၄၂)မိုင်နဲ့ ကတ္တရာလမ်း(၂၀)မိုင်၊ စုစုပေါင်း (၆၂)မိုင်ခန့် ကွာဝေးပါတယ်။ မိုင်းကိုင်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း (၁၀)ရွာရှိပြီး ရှမ်း၊ အာခါ၊ လွယ်နှင့် လားဟူတိုင်းရင်းသားတွေ နေထိုင်ကြပါတယ်။ လယ်နှင့် တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်း တစ်ခုတည်းကိုသာ မှီခိုလုပ်ကိုင်ရတဲ့ အတွက် ဆင်းရဲတဲ့ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးရုံတည်နေရာမြေပုံနဲ့ ဓာတ်ပုံတွေကို Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျား။ မိုင်းကိုင်ကျေးရွာအုပ်စုရှိ ကျေးရွာ(၁၀)ရွာနဲ့ အနီးပတ်ဝန်းကျင် ကျေးရွာတွေဟာ ကျိုင်းတုံမြို့နဲ့ ဆက်သွယ်သွားလာရန် ခက်ခဲတဲ့အတွက် မိုင်ကိုင်ကျေးရွာမှာရှိတဲ့ (၁၆)ကုတင်ဆံ့ ဆေးရုံကိုသာ အားထားပြီးတော့ ဆေးဝါးကုသမှု ခံယူနေကြရပါတယ်။

မိုင်းကိုင်ဆေးရုံကို ၁၉၉၂ ခုနှစ်မှာ ဆောက်လုပ်ပြီးစီးပြီးတော့ ၁၉၉၈ ခုနှစ်အထိသာ ဆရာဝန် ခန့်ထား ပေးခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်ကနေ ယနေ့အထိ (၁၆)နှစ်ကြာသည့်တိုင် ဆရာဝန်ခန့်ထား ပေးခြင်းမရှိခဲ့ ပါဘူး။ လက်ရှိမှာ သူနာပြု(၁)ဦး၊ သားဖွားဆရာမ(၂)ဦးနဲ့ အထွေထွေလုပ်သား (၁)ဦးသာ ခန့်အပ် ထားပါတယ်။ ဆေးရုံအဆောက်အအုံမှာ နှစ်(၂၀)ကျော်ကြာမြင့်နေပြီး ပြုပြင်ထိန်းသိမ်းမှု အားနည်းတဲ့ အတွက် ပြန်လည် ပြုပြင်မွမ်းမံဖို့ လိုအပ်တဲ့အပြင် ဆေးရုံသုံးပစ္စည်းတွေလည်း လိုအပ်လျက်ရှိတာကို တွေ့ရှိရပါတယ်။

မိုင်းကိုင်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာတွေနဲ့ ပတ်ဝန်းကျင်ကျေးရွာတွေဟာ နွေနဲ့ ဆောင်းရာသီမှာ ကျိုင်းတုံမြို့သို့ ထော်လာဂျီနဲ့ (၁၀)နာရီကျော်ကြာအောင် သွားလာရပေမယ့် မိုးရာသီမှာ (၃)ရက်ကြာ သွားလာရပါတယ်။ မိုးရာသီမှာ မိုးများစွာရွာသွန်းပြီး မိုင်တိုင်(၃၀)ရှိတဲ့ နမ့်ငေါင်းချောင်း ရေကြီးချိန်နှင့် ကြုံတွေ့ရမယ်ဆိုလို့ရှိရင် (၃)ရက်မှ (၇)ရက်ကြာအထိ စောင့်ဆိုင်းပြီးမှ သွားလာရပါတယ်။ မိုင်းကိုင်ဒေသနှင့် ကျိုင်းတုံမြို့ကို သွားလာတဲ့ယာဉ်တွေကလည်း မိုင်းကိုင်ကျေးရွာမှာရှိတဲ့ ထော်လောဂျီ ယာဉ် (၃)စီးကိုသာ သွားလာလျက်ရှိပြီးတော့ ရက်သတ္တပတ်မှာ (၃)ရက်ခန့်သာ ဆက်သွယ်သွားလာကြရ ပါတယ်။ အရေးကြီးကိစ္စကြောင့် ဆိုင်ကယ်ငှားရမ်း အသုံးပြုရမယ်ဆိုရင် နွေနှင့် ဆောင်းရာသီတွေမှာ မိုင်းကိုင်နှင့် ကျိုင်းတုံ အသွား သုံးသောင်းကျပ်၊ အပြန် သုံးသောင်းကျပ်၊ စုစုပေါင်း ခြောက်သောင်း ကျပ် ပေးငှားမှသာ သွားလာ၍ ရပါတယ်။ မိုးရာသီဆိုလို့ရှိရင် ဒီထက်များစွာ ပိုပေး မှသာ ငှားရမ်းလို့ရပါတယ်။ ဒီလိုသွားလာမှုခက်ခဲတဲ့အတွက် အရေးကြီးလူနာတွေကို ကျိုင်းတုံဆေးရုံကို အချိန်မီ မပို့နိုင်တာကြောင့် သေဆုံးမှုတွေ ရှိခဲ့ပါတယ်။

ဒါကြောင့် သွားလာရေးခက်ခဲပြီး ဝေးလံတဲ့ အစွန်အဖျားဒေသမှာရှိတဲ့ မိုင်းကိုင်ဆေးရုံ အဆောက်အအုံကို ပြုပြင်မွမ်းမံပြီး လိုအပ်တဲ့ ဆေးရုံသုံးပစ္စည်းတွေ ဖြည့်ဆည်းပေးဖို့နဲ့ ဆရာဝန်တစ်ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း တင်ပြ အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည် တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်မအနေနဲ့ ပထမဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းသော မေးခွန်း များအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာ သိန်းသိန်းဌေး မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ၏ မေးခွန်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအား ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ်သို့ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါတယ်။ လွန်ခဲ့သော (၅)နှစ်အတောအတွင်း ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၏ ဆေးရုံလုပ်ငန်းဆောင်ရွက်မှု အခြေအနေများမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသည့်အတိုင်း တစ်နှစ်ထက် တစ်နှစ် ဆေးရုံအတွင်း လူနာဦးရေ၊ ဆေးရုံပြင်ပလူနာဦးရေ၊ ဆေးရုံ မွေးလူနာဦးရေ အစရှိသည်ဖြင့် တိုးတက်လျက်ရှိပါတယ်။

ကျန်းမာရေးဦးစီးဌာန၏ စာရင်းဇယားများအရ ပခုက္ကူမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၏ တစ်နေ့ပျမ်းမျှ ဆေးရုံတက်လူနာသည် ၂၀၁၀ ခုနှစ်တွင် (၁၈)ဦးရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် (၅၀.၇)ဦး ရှိပါတယ်။ နောက် ဆေးရုံခွင့်ပြု ခုတင်အသုံးပြုနှုန်း ရာခိုင်နှုန်းသည်လည်း ၂၀၁၀ ခုနှစ်တွင် (၅၂.၂)ဦးရှိရာမှ ၂၀၁၄ ခုနှစ်တွင် (၇၆.၇)ဦး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအနေဖြင့် ရာသီအလိုက် အချို့ရောဂါများ ဖြစ်ပွားသည့် ဥပမာ မိုးတွင်းကာလ၏ အချို့ရက်များမှလွဲ၍ တစ်ရက်ပျမ်းမျှ ဆေးရုံတက်လူနာဦးရေမှာ ၂၀၁၄ ခုနှစ်တွင် (၅၀.၇)ဦး ရှိပြီး ဆေးရုံ ခုတင်အသုံးချမှု ရာခိုင်နှုန်းမှာ ၂၀၁၄ ခုနှစ်တွင် (၇၆.၇)သာရှိပါသဖြင့် ပခုက္ကူမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအား ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ရန် ပုံမှန်အားဖြင့် လိုအပ်ချက် မရှိသေးကြောင်း တွေ့ရှိရပါသဖြင့် တိုးမြှင့်ရန် လောလောဆယ်တွင် အစီအစဉ် မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော် ၏ မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ မိုင်းကိုင်ကျေးရွာ (၁၆)ခုတင်ဆံ့ ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဆရာဝန်တစ်ဦးနေရာအတွက် ၂၀၁၅ ခုနှစ်၊ ဧပြီလအတွင်း ခန့်ထားပေးမည် ဖြစ်ပါတယ်။ လိုအပ်လျက်ရှိသော ဆေးရုံသုံးပစ္စည်းများအား သတ်မှတ်ဆေး အမှာစာပုံစံဖြင့် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၊ တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးက တင်ပြခဲ့ပါသဖြင့် ကျန်းမာရေးဦးစီးဌာန၏ ၁၀-၃-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ကုသ-၅/ဆေးပစ္စည်း/၂၀၁၅(၀၂၁)ဖြင့် ဆေးရုံသုံး ပစ္စည်း (၁၃)မျိုးအား ထောက်ပံ့ပေးရန် ရန်ကုန်မြို့၊ ဗဟိုဆေးသိုလှောင်ရေးဌာနသို့ အကြောင်းကြား ထားရှိပြီး ပေးပို့လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ် ရှင်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ မိုင်းကိုင်ဆေးရုံက အဆောက်အအုံလည်း ပြုပြင်ပေးဖို့ လိုပါလိမ့်မယ်။ အဲဒီ အဆောက်အအုံ ပြုပြင်ပေးတဲ့ကိစ္စတွေလည်း သေသေချာချာလေး သွားစစ်ဆေးခိုင်းပြီးတော့ maintenance ပိုင်းကနေ လိုအပ်တာ လုပ်ပေးလိုက်ပါ။ ခုနက Projector နဲ့ပြသွားတာတွေက အခြေအနေ ဆိုးနေလို့ပါ။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလဖြင့် အသီးသီးထုတ်ဝေထားပြီးသော လုပ်ငန်းအခြေခံစံနှုန်း(၇)မျိုးအပြင် ဝန်ကြီးဌာနတချို့နှင့် ပြည်တွင်းပြည်ပကုမ္ပဏီ တချို့တို့မှ ဆောင်ရွက်လုပ်ကိုင်ကြရသော ဘာသာရပ်ဆိုင်ရာ သီးသန့်တည်ဆောက်မှုလုပ်ငန်းများ (Unique Constructions) အတွက် လိုအပ်သလို အတွဲများ (Volumes) ခွဲ၍ မှီငြမ်းကိုးကားနိုင်ရေးအတွက် ထုတ်ဝေမည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလဖြင့် အသီးသီးထုတ်ဝေထားပြီးသော လုပ်ငန်းအခြေခံစံနှုန်း(၇)မျိုးအပြင် ဝန်ကြီးဌာနတချို့နှင့် ပြည်တွင်းပြည်ပကုမ္ပဏီ တချို့တို့မှ ဆောင်ရွက်လုပ်ကိုင်ကြရသော ဘာသာရပ်ဆိုင်ရာ သီးသန့်တည်ဆောက်မှုလုပ်ငန်းများ (Unique Constructions) အတွက် လိုအပ်သလိုအတွဲများ (Volumes) ခွဲ၍ မှီငြမ်းကိုးကားနိုင်ရေးအတွက် ထုတ်ဝေမည့် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးမျိုးမြင့် ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆန္ဒပြုရင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ(၁၀)နေ့မှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထမြောက်နေ့မှာ တင်သွင်းဆွေးနွေးခဲ့တဲ့ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses of Rates) ကို ပြုစုထုတ်ဝေရန်အဆိုနဲ့ ဆက်စပ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလဖြင့် အသီးသီး ထုတ်ဝေထားပြီးသော လုပ်ငန်းအခြေခံစံနှုန်း(၇)မျိုးအပြင် ဝန်ကြီးဌာန တချို့နဲ့ ပြည်တွင်း ပြည်ပ ကုမ္ပဏီ တချို့တို့က ဆောင်ရွက်လုပ်ကိုင်ကြရသော ဘာသာရပ်ဆိုင်ရာ သီးသန့်တည်ဆောက်မှုလုပ်ငန်းများ (Unique Constructions) အတွက် လိုအပ်သလို အတွဲများ (Volumes) ခွဲ၍ မှီငြမ်းကိုးကားနိုင်ရေး အတွက် ထုတ်ဝေမည့် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုလုပ်ငန်းများ Infrastructure Development ကို ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနများနှင့် လုပ်ငန်းဌာနအဖွဲ့အစည်းများက မိမိဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံအင်အားဖြင့်လည်းကောင်း၊ ပြင်ပပုဂ္ဂလိက ကုမ္ပဏီ

အဖွဲ့အစည်းများအား အလုပ်အပ်နှံတာဝန်ပေးမှု (Deposit Work) အစီအစဉ်ဖြင့် လည်းကောင်း ဆောင်ရွက်လုပ်ကိုင်လာစေခဲ့ပါတယ်။

ဤသို့ ဆောင်ရွက်လာခဲ့ရာမှာ အဆိုပါ အဆောက်အအုံများ ဖွံ့ဖြိုးမှုအတွက် တည်ဆောက်မှုလုပ်ငန်းဆိုင်ရာ ဘဏ္ဍာငွေကြေးသုံးစွဲမှု၊ လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးမှု စသည်တို့မှာ ဆက်စပ်နေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ၂၈-၆-၂၀၁၃ ရက်နေ့ ကျင်းပခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထမြောက်နေ့မှာ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မယ့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses of Rates) ကို ပြုစုထုတ်ဝေရန် အဆို တင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ ဒီအဆိုကို ၁၀-၇-၂၀၁၃ရက်နေ့ ကျင်းပခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် အချို့က ထောက်ခံဆွေးနွေးခဲ့ကြပြီးနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး က ထောက်ခံခဲ့လို့ အဆိုမှာ အတည်ဖြစ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုတွင် ဖော်ပြပါ ဘာသာရပ်ဆိုင်ရာနှင့် ဆက်စပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက ယခင်ထုတ်ဝေခဲ့တဲ့ လုပ်ငန်းအခြေခံစံနှုန်းများ (ပထမအကြိမ်) (၁၉၇၀)ပြည့်နှစ်မှာ ခေတ်စနစ်နဲ့ လိုက်လျောညီထွေမရှိတော့မှုကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အင်ဂျင်နီယာဝန်ကြီးဌာနများဖြစ်ကြတဲ့ စက်မှုဝန်ကြီးဌာန၊ လျှပ်စစ်ဝန်ကြီးဌာနနှင့် မြန်မာ့မီးရထား၊ စည်ပင်သာယာရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီများ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်း၊ အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းတို့ကို ဖိတ်ခေါ်ခြင်း၊ ပြန်လည်ပြုစုထားသော လုပ်ငန်း အခြေခံစံနှုန်းများ (မူကြမ်း) အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်းတို့ ပြုလုပ်ခဲ့ပါတယ်။

၎င်းနောက် ၁၁-၇-၂၀၁၃ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၃) သို့ တင်ပြအတည်ပြုချက် ရယူခဲ့ခြင်း၊ ၁၂-၈-၂၀၁၃ ရက်နေ့မှာ သမ္မတရုံးဝန်ကြီးဌာန(၆) ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအား ဖိတ်ခေါ်လျက် ညှိနှိုင်းအစည်းအဝေးပြုလုပ်၍ မြန်မာ/အင်္ဂလိပ်နှစ်ဘာသာဖြင့်လည်းကောင်း၊ FPS စနစ်နှင့် SI ယူနစ်စနစ်(၂)မျိုးဖြင့်လည်းကောင်း ထုတ်ဝေရန် သဘောတူဆုံးဖြတ်ခဲ့ကြပြီး အောက်ပါစာအုပ်(၇)မျိုးကို ထုတ်ဝေ ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။

ပထမကတော့ (၁)က အဆောက်အအုံလုပ်ငန်း အခြေခံစံနှုန်းများ (ဇန်နဝါရီ ၂၀၁၄)၊ (၂) လမ်းလုပ်ငန်း အခြေခံစံနှုန်းများ (ဇန်နဝါရီလ ၂၀၁၄)၊ (၃) တံတားလုပ်ငန်းအခြေခံစံနှုန်းများ (ဇန်နဝါရီလ ၂၀၁၄)၊ (၄) လေယာဉ်ကွင်း လုပ်ငန်းအခြေခံစံနှုန်းများ(ဇန်နဝါရီလ ၂၀၁၄)၊ (၅) လျှပ်စစ်လုပ်ငန်း အခြေခံစံနှုန်းများ (ဇန်နဝါရီလ ၂၀၁၄)၊ (၆) သုတေသနနှင့် ဓာတ်ခွဲဆိုင်ရာ အခြေခံစံနှုန်းများ (ဇန်နဝါရီလ ၂၀၁၄)၊ (၇) ရေပေးဝေရေးနှင့် သန့်ရှင်းမှုဆိုင်ရာ လုပ်ငန်းအခြေခံစံနှုန်းများ (ဇန်နဝါရီလ ၂၀၁၄) တို့ အသီးသီး ဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုတင်သွင်းခဲ့စဉ်က အင်ဂျင်နီယာဝန်ကြီးဌာနများ၏ ဖွံ့ဖြိုးမှုစီမံကိန်း အခြေခံအဆောက်အအုံ အားလုံးအတွက် ရည်ရွယ်တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ယခု ပြည်ထောင်စုအစိုးရ

အဖွဲ့မှ အတည်ပြုပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေခဲ့သော လုပ်ငန်းအခြေခံစံနှုန်း(၇)မျိုးအပေါ် ဝန်ကြီးဌာနအားလုံး အပါအဝင် ဝန်ကြီးဌာနများနှင့် ပူးပေါင်းပါဝင်ကြတဲ့ ဆောက်လုပ်ရေးကုမ္ပဏီများ ကပါ မှီငြမ်းကိုးကားကျင့်သုံးနိုင်ကြမှာဖြစ်လို့ Focal Ministry အဖြစ် ကမကထပြုတဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ကြိုးပမ်းမှုကို ကျေးဇူးတင်ရှိပြီး အသိအမှတ်ပြု မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။

သို့ရာတွင် လုပ်ငန်းပမာဏအရ လည်းကောင်း၊ လုပ်ငန်းအမျိုးအစားအရ လည်းကောင်း လွန်စွာကြီးမား၍ တည်ဆောက်မှုကုန်ကျစရိတ် များပြားလှသော သီးသန့်ရှိနေတဲ့ ပညာရပ်ပိုင်းဆိုင်ရာ လုပ်ငန်းများအတွက် အခြေခံစံနှုန်းများ ထည့်သွင်းပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။ ဥပမာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ ရေလှောင်တမံကြီးများနှင့် ဆက်နွယ် ရေအား အဆောက်အအုံများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်မှာရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်း များနှင့် ဆက်နွယ် ကွန်ကရစ်တမံ/မြေသားရေလှောင်တမံများ၊ ဥမင်လိုဏ်လုပ်ငန်းများ၊ တမံအောက်ခံ အုတ်မြစ်စီ ရေတား ကွန်ကရစ်နံရံများ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်ရာ မြို့ပြလျှပ်စစ်/ စက်မှုလုပ်ငန်း များ၊ မဟာဓာတ်အားလိုင်း တည်ဆောက်မှုလုပ်ငန်းများ စသည်တို့ဖြစ်ကြပါတယ်။ ပြုစုထားပြီးတဲ့ လျှပ်စစ် လုပ်ငန်းအခြေခံစံနှုန်းများမှာလည်း ရုံးနဲ့ အိမ်ရာ အဆောက်အအုံများနှင့်သာ ဆက်စပ်ပါဝင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနှင့် လုပ်ငန်းအခြေခံစံ နှုန်းများ(၂၀၀၈ခုနှစ် မတ်လ) ကို ပြုစုထုတ်ဝေခြင်း၊ ယခင် နယကအစိုးရနှင့် စာရင်းစစ်ချုပ်တို့သို့ အသိပေးတင်ပြခြင်းတို့ ဆောင်ရွက်လာခဲ့ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြ လိုသည်မှာ မူလက ကျွန်တော်တင်သွင်းခဲ့တဲ့ အဆိုရဲ့ ဦးတည်ချက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကဏ္ဍပေါင်းစုံပါဝင်သော လုပ်ငန်းအခြေခံစံနှုန်းများကို စုပေါင်း ထုတ်ဝေ သင့်တယ်လို့ ယူဆချက်ဖြစ်ပါတယ်။ ကြိုတင်လုပ်ငန်းညှိနှိုင်း အစည်းအဝေးများမှာလည်း လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနစတဲ့ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးခဲ့ကြတယ်လို့ သိရှိရပါတယ်။

ကျွန်တော် တင်ပြလိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနဟာ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ပေးခြင်းဖြစ်လို့ ဆည်မြောင်းစီမံကိန်းလုပ်ငန်းများ၊ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ၊ ဓာတ်အားပေးစက်ရုံ စီမံကိန်းများ၊ မဟာဓာတ်အားလိုင်း တည်ဆောက်မှုလုပ်ငန်းများ၊ ဓာတ်အား ခွဲရုံ တည်ဆောက်မှုလုပ်ငန်းများ၊ အောက်ခံအုတ်မြစ် ခိုင်ခံ့မှုလုပ်ငန်းများ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန စသည်တို့အောက်မှာရှိတဲ့ အင်ဂျင်နီယာလုပ်ငန်းအချို့ကိုပါ စဉ်းစား ထည့်သွင်း သင့်တယ်လို့ သုံးသပ်လိုပါတယ်။ ကျွန်တော် တင်သွင်းခဲ့တဲ့ အဆိုနဲ့ ဆက်စပ်တဲ့ မေးခွန်းများဟာ နိုင်ငံတော်ရဲ့ နှစ်စဉ် ဘဏ္ဍာငွေအရအသုံး စိစစ်တွက်ရာမှာလည်းကောင်း၊ သုံးစွဲကုန်ကျပြီး အသုံး စရိတ်များ စိစစ် စစ်ဆေးရာမှာလည်းကောင်း အဓိက အခန်းကဏ္ဍမှ ပါဝင်တယ်လို့ဆွေးနွေး တင်ပြ လိုပါတယ်။ ဒါကြောင့် တာဝန်ခံဝန်ကြီးဌာန Focal Ministry အဖြစ်ပြုစုပြီးတော့ အစိုးရအဖွဲ့၏ သဘောတူ အတည်ပြုထားသော လုပ်ငန်းအခြေခံစံနှုန်းများအောက်တွင်သာ လုပ်ငန်းဌာန၊ အဖွဲ့အစည်း များဟာ နိုင်ငံပိုင်ဘဏ္ဍာငွေကြေး သုံးစွဲမှု ဖြစ်သင့်တယ်ဆိုတာပါပဲ။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ (က) ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဇန်နဝါရီလ ၂၀၁၄ ဖြင့် အသီးသီးထုတ်ဝေထား ပြီးသော လုပ်ငန်းအခြေခံစံနှုန်း(၇)မျိုးအပြင် ဝန်ကြီးဌာနတချို့နဲ့ ပြည်တွင်းပြည်ပ ကုမ္ပဏီတချို့တို့က ဆောင်ရွက်လုပ်ကိုင်ကြရသော ဘာသာရပ်ဆိုင်ရာ သီးသန့်တည်ဆောက်မှုလုပ်ငန်းများ (Unique Constructions) အတွက် လိုအပ်သလို အတွဲများ (Volumes) ခွဲ၍ မှီငြမ်းကိုးကားနိုင်ရေး ထုတ်ဝေမည့် အစီအစဉ် ရှိ/မရှိ။ (ခ) အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးဆောင်ရွက်မည်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**မတူညီသော လုပ်ငန်းတာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်း ထမ်းဆောင်နေရသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား သီးခြားလွတ်လပ်သော လုပ်ငန်းအဖွဲ့အစည်းနှစ်ခုအဖြစ် ပြောင်းလဲပြင်ဆင် ဖွဲ့စည်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော က မတူညီသော လုပ်ငန်းတာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်း ထမ်းဆောင်နေရသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား သီးခြားလွတ်လပ်သော လုပ်ငန်းအဖွဲ့အစည်းနှစ်ခုအဖြစ် ပြောင်းလဲပြင်ဆင် ဖွဲ့စည်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဗိုလ်မှူးအောင်ကျော်ဇော(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒီနေ့ အစည်းအဝေးသို့ ကြွရောက်လာပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကော်မရှင်အဖွဲ့ဝင် လူကြီးမင်းများနဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၉၆၁၅ ဗိုလ်မှူးအောင်ကျော်ဇော ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ယနေ့ ကျွန်တော်မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းကတော့ မတူညီသော လုပ်ငန်းတာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်း ထမ်းဆောင်နေရသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား သီးခြားလွတ်လပ်သော လုပ်ငန်းအဖွဲ့အစည်းနှစ်ခုအဖြစ် ပြောင်းလဲပြင်ဆင် ဖွဲ့စည်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဟာ နိုင်ငံတော်ပိုင်အဆောက်အအုံ လမ်းတံတားစီမံကိန်းများကို သီးခြားလွတ်လပ်သော လုပ်ငန်းအဖွဲ့အစည်းနှစ်ရပ်မှ သီးခြားစီဆောင်ရွက်သင့်သည့် အကြံပြုအင်ဂျင်နီယာလုပ်ငန်းများဖြစ်သည့် မြေတိုင်းတာခြင်း၊ မြေစမ်းသပ်ခြင်းနှင့် ဒီဇိုင်းပုံထုတ်လုပ်ခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်းနဲ့ လုပ်ငန်းခွင်အရည်အသွေး စစ်ဆေးကြပ်မတ်ခြင်း စသည့် လုပ်ငန်းစစ်ဆေး ကြီးကြပ်

ဆောင်ရွက်သည့်လုပ်ငန်း (Consultant Work)နှင့် မြေပြင်တွင် လက်တွေ့တည်ဆောက်ခြင်းလုပ်ငန်း (Construction Work) များကို လုပ်ငန်းဌာနအဖွဲ့အစည်းတစ်ခုတည်းကသာ ပူးတွဲတာဝန်ယူဆောင်ရွက် လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ခြင်းဖြင့် ပွင့်လင်းမြင်သာမှုအားနည်းပြီး လက်ရှိကျင့်သုံးလျက်ရှိတဲ့ နိုင်ငံရေး၊ စီးပွားရေးစနစ်များနှင့်လည်း လိုက်လျောညီထွေမှု မရှိတာကို လေ့လာတွေ့ရပါတယ်။ နိုင်ငံတကာရှိ အဆင့်မြင့်အဆောက်အအုံ၊ လမ်း၊ တံတားစီမံကိန်းများ ဆောင်ရွက်ရာမှာ အရည်အသွေးစစ်ဆေး ကြပ်မတ် ခြင်းလုပ်ငန်းကို တည်ဆောက်ရေးလုပ်ငန်းအား တာဝန်ယူဆောက်လုပ်သည့် အဖွဲ့အစည်းနှင့် ပတ်သက်မှုမရှိတဲ့ သီးခြားလွတ်လပ်သောအဖွဲ့အစည်း (Third Pardy) ဖြစ်တဲ့ အတိုင်ပင်ခံအရည် အသွေး စစ်ဆေးကြပ်မတ်ရေးအဖွဲ့များ (Consultant Teams) များကို ငှားရမ်းဆောင်ရွက်လေ့ရှိတာကို လေ့လာ တွေ့ရှိရပါတယ်။

ကျွန်တော်တို့ စက်မှုတက္ကသိုလ်ကျောင်းသားဘဝက လုပ်ငန်းခွင်လက်တွေ့ သင်တန်းဆင်းရာ မှာ ရန်ကုန်မြို့ရှိတဲ့ Sedona Hotel တည်ဆောက်ရေးလုပ်ငန်းခွင်ကို Field Training ဆင်းခဲ့ ဖူးပါတယ်။ အဲဒီတုန်းက ဟိုတယ်တည်ဆောက်ရေးစီမံကိန်းမှာ အရည်အသွေး စစ်ဆေးကြပ်မတ်တဲ့ (Consultant Teams)ဟာ ဆောက်လုပ်ရေးလုပ်ငန်းကို တည်ဆောက်ခွင့်ရတဲ့ ကန်ထရိုက်ရထားတဲ့ အဖွဲ့အစည်းက ငှားရမ်းထားတဲ့ Consultant Teams မဟုတ်ဘဲ ဟိုတယ်စီမံကိန်းကို အကောင်အထည်ဖော်တဲ့ အဖွဲ့အစည်း Developer Company က ငှားရမ်းထားတဲ့ Consultant Teams ဖြစ်တဲ့အတွက် ဆောက်လုပ်ရေးကန်ထရိုက်အဖွဲ့ဟာ အဆောက်အအုံတည်ဆောက်တဲ့ လုပ်ငန်းရဲ့အဆင့်တိုင်းမှာ အရည် အသွေးစစ်ဆေးရေးအဖွဲ့ရဲ့ အဆောက်အအုံဒီဇိုင်းပုံစံအတိုင်း စနစ်တကျစစ်ဆေးခံပြီး ခွင့်ပြုချက်ရရှိမှ သာ လုပ်ငန်းအဆင့်တိုင်းကို ဆက်လက်ဆောင်ရွက်ခွင့် ရရှိတာကို လေ့လာခဲ့ရပါတယ်။

အဆောက်အအုံပုံစံ၊ အတိုင်းအတာစစ်ဆေးခြင်း၊ Rebar အရွယ်အစား၊ Lapping, Hook Possession အစရှိတဲ့ Steel ပိုင်းနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ ကျွမ်းကျင်သူအင်ဂျင်နီယာများက အသေးစိတ် စစ်ဆေးပြီးမှသာ ခွင့်ပြုပေးသလို Formwork နဲ့ပတ်သက်ပြီး ခိုင်ခံ့မှု၊ အတိုင်းအတာ၊ အရွယ်အစားမှန်ကန်မှုစစ်ဆေးခြင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှု စစ်ဆေးခြင်း၊ တည်ဆောက်ရေး လုပ်ငန်းခွင်မှာ အသုံးပြုမယ့် ဘိလပ်မြေ၊ သဲ၊ ကျောက်စရစ် အစရှိတဲ့ဆောက်လုပ်ရေးပစ္စည်းများရဲ့ အရည်အသွေးကို အသေးစိတ်စစ်ဆေးခြင်း၊ ကွန်ကရစ်ဖျော်စပ်သည့် အချိုးအစား၊ ဘိလပ်မြေနှင့် ရေ ပါဝင်မှုအချိုးအစား၊ ကွန်ကရစ်၏ခံနိုင်ရည်အား၊ Steel ရဲ့ ခံနိုင်ရည်အား အစရှိသည်တို့ကိုလည်း လုပ်ငန်းအဆင့်အတိုင်း စနစ်တကျ စစ်ဆေးပြီးမှသာ လုပ်ငန်းတစ်ဆင့်ချင်းစီကို ဆက်လက်ဆောင်ရွက် ကြရတာကို တွေ့ရှိရပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက်လည်း Sedona Hotel ဟာဆိုရင် ယခုဆိုရင် ရန်ကုန်မြို့မှာ အရည်အသွေးရှိတဲ့အဆောက်အအုံတစ်ခုအဖြစ် ရပ်တည်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အရည်အသွေးစစ်ဆေးကြပ်မတ်ခြင်း၊ ဒီဇိုင်းပုံစံ ထုတ်ခြင်း၊ ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်းများဟာ အသေးစိတ်ဆောင်ရွက်နိုင်လေ အရည်အသွေး ကောင်းမွန်ပြီး အလေအလွင့်နည်းပါးတဲ့ အဆောက်အအုံ၊ လမ်း၊ တံတားများအဖြစ် ပေါ်ထွက်လာနိုင်လေ ပဲဖြစ်ပါတယ်။ ဒီနေရာမှာ အဆင့်အတန်းမှီတဲ့ အဆောက်အအုံ၊ လမ်း၊ တံတားစီမံကိန်းတစ်ခုဖြစ်ဖို့အတွက် အကြံပြုအင်ဂျင်နီယာလုပ်ငန်းဟာ အလွန်အရေးပါတာကို တွေ့ရမှာဖြစ်ပါတယ်။ အဆောက်အအုံအရွယ်

အစား၊ အဆောက်အအုံ အမျိုးအစားတူတိုင်းလည်း ကုန်ကျစရိတ်မတူနိုင်ဘူးဆိုတာကို အင်ဂျင်နီယာ ပညာ ရပ်ဆိုင်ရာ နားလည်တတ်ကျွမ်းသူတိုင်း သိရှိကြမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အရပ်ထဲမှာ ပြောနေကြဖြစ်တဲ့ TAE Rate ဆိုတာ သာမန် အဆောက်အအုံငယ်များအတွက် ယေဘုယျအနေဖြင့် တွက်ချက်အသုံးပြုနိုင်သော်လည်း တန်ဖိုးကြီးမားသော အဆောက်အအုံ၊ လမ်း၊ တံတားစီမံကိန်းများအတွက် TAE Rate တစ်ခုတည်းနဲ့ ဆုံးဖြတ်ဆောင်ရွက်လို့ မရနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ တည်ဆောက်မယ့်နေရာရဲ့ အကွာအဝေး၊ လမ်းပန်းဆက်သွယ်၍ ကောင်းမွန်မှု အခြေအနေ၊ ဒေသန္တရပစ္စည်းများ ရရှိနိုင်မှု၊ လုပ်သားများရရှိနိုင်မှု အခြေအနေတို့ပေါ် မူတည်ပြီး အခြေအနေနဲ့ ဒေသန္တရဈေးနှုန်းများ၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည့် မြေအမျိုးအစားတို့ အပေါ် မူတည်ပြီး အုတ်မြစ်ဒီဇိုင်း (Foundation Design) မှစပြီး ကုန်ကျစရိတ်များဟာ ကွဲပြားခြားနားမှု ရှိမှာ ဖြစ်ပါတယ်။

အဆိုပါအချက်များကို အသေးစိတ်ကွင်းဆင်းတွက်ချက်နိုင်လေ အရည်အသွေးကောင်းမွန်ပြီး ထိုက်သင့်တဲ့ ကုန်ကျစရိတ်များကို အနီးစပ်ဆုံးမှန်ကန်စွာ တွက်ချက်နိုင်လေပဲ ဖြစ်ပါတယ်။ ထိုကဲ့သို့ တိကျမှန်သော အရည်အသွေးရှိတဲ့ ဒီဇိုင်းပုံစံနှင့် ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်နိုင်ရန်အတွက်လည်း ထိုက်သင့်တဲ့ ကုန်ကျစရိတ်များ ရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အကြံပြုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒီဇိုင်းပုံထုတ်ခြင်း၊ ခန့်မှန်းကုန်ကျငွေများ တွက်ချက်ခြင်းများကို အနီးစပ်ဆုံး မှန်ကန်တိကျစွာ ဆောင်ရွက်ခြင်းနဲ့ အရည်အသွေးစနစ်တကျ စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း အဆောက်အအုံ၊ လမ်း၊ တံတားစီမံကိန်းများရဲ့ ခန့်မှန်းကုန်ကျငွေ တွက်ချက်ရာမှာ ထည့်သွင်းတွက်ချက်ပြီး ၎င်းကုန်ကျစရိတ်များကို သက်ဆိုင်ရာ အရည်အသွေးစစ်ဆေးရေး အဖွဲ့အစည်းများကို လုပ်ငန်းစီမံကိန်း တစ်ခုချင်းအလိုက် ခွင့်ပြုထုတ်ပေးရမှာ ဖြစ်ပါတယ်။

သို့မှသာ ထိုက်သင့်တဲ့အရည်အသွေးရှိတဲ့ အဆောက်အအုံ၊ လမ်း၊ တံတား စီမံကိန်းများ ဖြစ်ထွန်းလာမှာဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေး စစ်ဆေးကြပ်မတ်မည့် အဖွဲ့အစည်းများဟာ တည်ဆောက်လိုက်တဲ့ အဆောက်အအုံ၊ လမ်း၊ တံတားရဲ့ အရည်အသွေးနှင့် ခိုင်ခံ့မှုကို တာဝန်ခံရမှာဖြစ်တဲ့အတွက် အရည်အသွေးစစ်ဆေးကြပ်မတ်ရေးအဖွဲ့ (Consultant Teams) မှာ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်တဲ့ ပညာရှင်များ၊ အင်ဂျင်နီယာများ၊ အရာထမ်း၊ အမှုထမ်းများကို သီးခြားခန့်ထားပြီး လုပ်ငန်းစီမံကိန်း၊ တစ်ခုချင်းစီအလိုက် ထိုက်သင့်တဲ့ ချီးမြှင့်ငွေ၊ ခံစားခွင့်များ ပေးအပ်သွားရမှာ ဖြစ်ပါတယ်။ သို့မှသာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိမှာဖြစ်ပါတယ်။ သာမန်သူလိုငါလို လစာစရိတ်မျှပေးပြီး တာဝန်ယူ၊ တာဝန်ခံခိုင်းလို့ မဖြစ်နိုင်ဘူးဆိုတာကို လက်ရှိ ကျင့်သုံးနေတဲ့ ခေတ်စနစ်နဲ့အညီ အားလုံးက နာလည်လက်ခံပေးနိုင်ဖို့လည်း လိုအပ်ပါတယ်။

ဒါကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို သီးခြား လွတ်လပ်သော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖွဲ့စည်းပြီး လက်ရှိဆောင်ရွက်လျက် ရှိသော အကြံပြုအင်ဂျင်နီယာလုပ်ငန်းများ၊ ဒီဇိုင်းပုံထုတ်ခြင်း၊ ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်းနှင့် အရည်အသွေး စစ်ဆေးကြပ်မတ်ခြင်းစသည့် လုပ်ငန်းများအတွက် လိုအပ်သော အဆောက်အအုံများ၊ ဖြည့်တင်းပေးခြင်း၊ ဝန်ကြီးဌာနမှ ဖြစ်စေ၊ ပြည်တွင်းပြည်ပမှ ဖြစ်စေ၊ ပညာရှင်များ၊ အင်ဂျင်နီယာများ၊ ကျွမ်းကျင်သူ

များအား လုပ်ငန်းစီမံကိန်း တစ်ခုချင်းစီအလိုက် ချီးမြှင့်ငွေများ ပေးအပ်ခန့်ထားပြီး နိုင်ငံတစ်ဝန်းလုံးရှိ ဝန်ကြီးဌာနအသီးသီး၊ စည်ပင်သာယာရေးအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ နိုင်ငံတော်ပိုင် အဆောက်အအုံ၊ လမ်း၊ တံတား စီမံကိန်းများကို သက်ဆိုင်ရာ ပညာရှင်အဖွဲ့များ ကွင်းဆင်း စစ်ဆေး၍ အကြံု အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဒေသရာသီဥတု အခြေအနေနှင့် ကိုက်ညီမည့် ဒီဇိုင်းရေးဆွဲခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ လုပ်ငန်းခွင် အရည်အသွေး စစ်ဆေးခြင်းများကို နိုင်နိုင်နင်းနင်း ဆောင်ရွက်သွားခြင်းဖြင့် ယခု ကြုံတွေ့နေရတဲ့ အရည်အသွေး မပြည့်မီသော ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်တဲ့ နိုင်ငံတော်ပိုင် အဆောက်အအုံ၊ လမ်း၊ တံတား စီမံကိန်းများ၏ အရည်အသွေးကိုလည်း ပြည့်ပြည့်ဝဝ ထိန်းချုပ်နိုင်မည်ဖြစ်ပြီး လုပ်ငန်းများ ပီပီပြင်ပြင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အခြားတစ်ဖက်မှာလည်း မြန်မာနိုင်ငံမှာ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံ အများဆုံးရရှိထားပြီး ကျွမ်းကျင်ပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ လူသားအရင်းအမြစ်များ ပြည့်စုံကြွယ်ဝသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရဲ့ တည်ဆောက်ရေး အထူးအဖွဲ့များကို ပြည်တွင်း ပြည်ပ ပုဂ္ဂလိက ဆောက်လုပ်ရေးကုမ္ပဏီများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတော်၏ ထည့်ဝင်ငွေ၊ ဝန်ထမ်းများ၏ ထည့်ဝင်ငွေ၊ အများပြည်သူတို့၏ ထည့်ဝင်ငွေများဖြင့် နိုင်ငံတော်နှင့် အများပြည်သူပိုင် စီးပွားရေးကော်ပိုရေးရှင်းကြီးအဖြစ် ခေတ်စနစ်နှင့်အညီ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းပြီး လုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပီပီပြင်ပြင် ဆောင်ရွက်သင့်ပါတယ်။

သို့မှသာ ဝန်ထမ်းများဟာလည်း မိမိတို့၏ ကြိုးစားအားထုတ်မှုပေါ် မူတည်ပြီး တည်ဆောက်ရေးလုပ်ငန်းမှ အကျိုးအမြတ်ကို အချိုးကျဆုကြေးငွေများအဖြစ် ရရှိနိုင်ပြီး အစုရှယ်ယာရှင် ပြည်သူများအတွက်လည်း အကျိုးအမြတ်ရရှိစေမည့်အပြင် နိုင်ငံတော်၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိက အင်အားကြီး ဆောက်လုပ်ရေးကုမ္ပဏီတစ်စုမှ လက်ဝါးကြီးအုပ်ထားနိုင်မည့် အခြေအနေများလည်း လျော့နည်းသွားစေမှာ ဖြစ်ပါတယ်။ ဝန်ထမ်းများအနေဖြင့် မိမိတို့ပိုင် အစုရှယ်ယာများဖြင့် ဖွဲ့စည်းထားသည့် စီးပွားရေးကော်ပိုရေးရှင်းကြီးတွင် တာဝန်ထမ်းဆောင် နေရခြင်းဖြစ်လို့ မိမိတို့၏ စွမ်းဆောင်နိုင်မှုဟာ မိမိတို့အကျိုးစီးပွားကော်ပိုရေးရှင်းကြီးရဲ့ အရှုံးအမြတ်နဲ့ ဆက်နွယ်နေတာဖြစ်လို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တက်တက်ကြွကြွလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၊ ပြည်သူနှင့်ဝန်ထမ်းများအားလုံး အကျိုးကျေးဇူးများရရှိစေမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မေးခွန်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဦးတည်မေးမြန်းထားသော်လည်း နိုင်ငံတော်ရဲ့ ငွေလုံးငွေရင်းအသုံးစရိတ်များစွာ ကျခံသုံးစွဲပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ စည်ပင်သာယာရေးကော်မတီများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစရှိတဲ့ ဝန်ကြီးဌာနများအတွက်လည်း အလားတူဆောင်ရွက်စေဖို့ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော့်အနေဖြင့် အောက်ပါ မေးခွန်း(၃)ခုကို မေးမြန်းအပ်ပါတယ် ခင်ဗျား။ (က) မတူညီသော လုပ်ငန်းတာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်း

ထမ်းဆောင်နေရသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား သီးခြားလွတ်လပ်သော လုပ်ငန်းအဖွဲ့အစည်း နှစ်ခုအဖြစ် ခေတ်စနစ်နှင့်အညီ ပြောင်းလဲပြင်ဆင် ဖွဲ့စည်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ။ (ခ) အစီအစဉ် မရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ပိုင် အဆောက်အအုံ၊ လမ်း၊ တံတားစီမံကိန်းများအား လုပ်ငန်းစီမံကိန်း တစ်ခုချင်းစီအလိုက် ခန့်မှန်းကုန်ကျငွေများ ထုတ်ပြန်ကြေညာ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် နှုန်းထားနှင့် အရည်အသွေးအတိုင်း ဆောင်ရွက်နိုင်သည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကို ဈေးပြိုင်တင်ဒါ ခေါ်ယူ၍ အရည်အသွေး ယှဉ်ပြိုင်ဆောက်လုပ်စေရန် ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ။ (ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ဌာနတွင်း အရည်အသွေး စစ်ဆေးကြပ်မတ်သည့် စနစ်မှ နိုင်ငံတော်အဆင့် သီးခြားလွတ်လပ်သည့် အရည်အသွေး စစ်ဆေးကြပ်မတ်ရေးအဖွဲ့များဖြင့် အဆောက်အအုံ၊ လမ်း၊ တံတားစီမံကိန်းများ၏ အရည်အသွေးကို စစ်ဆေးခံရန် အစီအစဉ် ရှိ/မရှိ စသည့် မေးခွန်းများကို နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးငှာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နှစ်စဉ်ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ရန်ပုံငွေများမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော တည်ဆောက်ရေးလုပ်ငန်းများကို ဒေသတွင်းရှိ ဒေသခံအများပိုင်ကုမ္ပဏီများမှ တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ခွင့်ရရှိနိုင်မည့် နည်းလမ်းများ၊ အစီအမံများအား သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ) ကိုပေါက် က နှစ်စဉ်ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေများမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များဖြစ်သော တည်ဆောက်ရေးလုပ်ငန်းများကို ဒေသတွင်းရှိ ဒေသခံအများပိုင်ကုမ္ပဏီများမှ တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ခွင့်ရရှိနိုင်မည့် နည်းလမ်းများ၊ အစီအမံများအား သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့် ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်(ခ) ကိုပေါက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ မြို့နယ်အချို့မှာ ဒေသခံတိုင်းရင်းသားတွေပေါင်းစည်းပြီး အများပိုင်ကုမ္ပဏီများတည်ထောင်၍ နိုင်ငံတော်ရဲ့ အစိုးရမှချပေးတဲ့ရန်ပုံငွေများနဲ့ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ လမ်း၊ တံတားတွေ၊ အဆောက်အအုံတွေ ဆောက်လုပ်နေတာတွေ့ရပါတယ်။ ဆောက်လုပ်တဲ့အခါမှာ အချို့သော ကုမ္ပဏီများက အတွေ့အကြုံရှိသလို၊ အချို့သော ကုမ္ပဏီများက အတွေ့အကြုံမရှိတာကိုလည်း တွေ့ရှိနေရပါတယ်။ ကုမ္ပဏီကြီးများမှ တင်ဒါအောင်တယ်။

ကုမ္ပဏီသေးများမှ Sub - Contract ယူကာ ဆောက်လုပ်ခဲ့ကြ၍ အရည်အသွေး လျော့နည်းနေတာကိုလည်း တွေ့ရှိရပါတယ်။

ဒါကတော့ ကုမ္ပဏီကြီးနဲ့ ကုမ္ပဏီငယ်ကွာလို့ အရည်အသွေးလျော့နည်းတာမဟုတ်ပါဘူး။ ကုမ္ပဏီကြီးတွေက ထုံးစံအတိုင်းပဲ နာမည်ခံပြီး တင်ဒါရတယ်။ ကုမ္ပဏီငယ်တွေချပေးတဲ့အတွက် အဲဒီမှာပဲ ကျွန်တော်တို့ အဲဒီမှာပဲ Percentage တွေပါသွားတာတွေ့ရှိရပါတယ်။ သာဓကတစ်ခုတော့ တင်ပြပါရစေ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ နတ်တလင်းမြို့မှာ မြို့နယ်ပြည်သူ့ဆေးရုံတိုးချဲ့ လူနာဆောင်တွေ ဝန်ထမ်း နေအိမ်တွေ၊ ဆရာဝန်ကြီးရဲ့ နေအိမ်တွေကို အခု ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာပဲ နောက် ကျွန်တော်တို့ အခြားဒေသက ကုမ္ပဏီ(၂)ခု ကျွန်တော်တို့မြို့ခံကုမ္ပဏီ(၁)ခု ပေါင်း(၃)ခုနဲ့ ဆောက်လုပ်နေကြပါတယ်။ အခုလက်ရှိလည်း ဆောက်နေပါတယ်။ အဲဒီအခါမှာ အခြားဒေသက ကုမ္ပဏီတစ်ခုက ဖောင်ဒေးရှင်း ချတဲ့အခါမှာ သံချောင်းစိုက်ဖို့ ငယ်တဲ့ဆိုဒ် သုံးမိတဲ့ အတွက်ကို အဲဒါကို မြို့က လူထုက သွားရောက် စစ်ဆေးတဲ့အခါမှာ တွေ့ရှိတဲ့အတွက် ဒီဖောင်ဒေးရှင်းတွေကို ပြန်လည်ဖော်ပြီး အသစ် ပြန်လည်ဆောက်လုပ်ခဲ့ရတာကို မြို့ကအဖွဲ့ထံမှ သိရှိခဲ့ရပါတယ်။ ဒီဖြစ်စဉ်ကိုတင်ပြရတာ ကျွန်တော် အစိုးရပိုင်းက လူကြီးတစ်ဦးနဲ့ စကားဆက်မိပြီး ပြောမိပါတယ်။ ဒီဆောက်လုပ်ရေးလုပ်ငန်းတွေကို ကျွမ်းကျင်တဲ့ပညာရှင်တွေ၊ အတွေ့ အကြုံရှိတဲ့ ပညာရှင်တွေနဲ့ ပူးပေါင်းပြီး ဒေသခံတွေနဲ့ အများပိုင်ကုမ္ပဏီ တည်ထောင်ရင် ကောင်းမလား ဆိုပြီး ကျွန်တော် အကြံဉာဏ် ယူမိပါတယ်။

အဲဒီတော့ အဲဒီလူကြီးကပဲကောင်းတယ်၊ ခင်ဗျားတို့ဒေသခံတွေအနေနဲ့ အများပိုင်ကုမ္ပဏီ ထောင်ပြီး အများပိုင်ကုမ္ပဏီတွေကို ကိုယ့်မြို့နယ်တွေမှာ နိုင်ငံတော်အစိုးရကနေချပေးလိုက်တဲ့ ဒီဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်မယ်ဆိုရင် ကိုယ့်အရပ်နဲ့ကိုယ့်ဇာတ်လုပ်တဲ့အတွက် ခင်ဗျားတို့လည်းပဲမကောင်းအောင်မလုပ်ရဲဘူး၊ ကောင်းအောင်ပဲ လမ်းတံတားတွေလည်း တည်ဆောက်မှာပဲ။ အဆောက်အအုံတွေလည်း တည်ဆောက်မှာပဲ။ ဒါကြောင့် ခင်ဗျားတို့အနေနဲ့ အများပိုင်ကုမ္ပဏီကို မြို့နယ်တွေတိုင်းမှာ လုပ်နိုင်ရင်တော့ ပိုကောင်းပါတယ်ဆိုပြီး သူကလည်း ကျွန်တော့်ကို အကြံပေးပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော တည်ဆောက်ရေးလုပ်ငန်းတွေမှာ ဒေသအတွင်းရှိ ဒေသခံ အများပိုင်ကုမ္ပဏီများ၊ တည်ဆောက်ရေး လုပ်ငန်းများ တည်ဆောက်ခွင့်ရရှိနိုင်ရေးအတွက် နည်းလမ်းများနဲ့အစီအမံများကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေ လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၄။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြလာတဲ့ မေးခွန်း (၃)ခုကို ဖြေကြားတဲ့နေရာမှာ ပထမမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် မှ မေးမြန်းတဲ့ လုပ်ငန်းအခြေခံ စံနှုန်း(၇)မျိုး အပြင် ဝန်ကြီးဌာနတချို့နှင့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီတချို့မှ လုပ်ကိုင်နေသော ဘာသာရပ် ဆိုင်ရာ သီးသန့်တည်ဆောက်မှုလုပ်ငန်းများ (Unique Construction) အတွက် လိုအပ်သလို အတွဲများ (Volumes) ခွဲ၍ မှီငြမ်းကိုးကားနိုင်ရေး ထုတ်ဝေမည့်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းမှာတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးက လုပ်ငန်းဆောင်ရွက်မှု ဖြစ်စဉ်များကို အသေးစိတ် တင်ပြသွားပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့ ဖြစ်စဉ်များကို ကျွန်တော်တို့ ပြန်လည်ပြီးတော့ ရှင်းပြခြင်းမပြုတော့ဘဲနဲ့ ကျွန်တော်ဆက်လက် ဆောင်ရွက်မယ့် အစီအစဉ်ကိုပဲ ကျွန်တော်တင်ပြပါမယ် ခင်ဗျား။ ဒီဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၄ ခုမှာ ထုတ်ဝေပြီးတဲ့ အခြေခံစံနှုန်း (Analysis of Rate) (၇)မျိုးအပြင် ဘာသာရပ်ဆိုင်ရာ သီးသန့် တည်ဆောက်မှု လုပ်ငန်းများ (Unique Construction) များအတွက် ခွဲ၍ မှီငြမ်းကိုးကားနိုင်ရေးနှင့် ပတ်သက်ပြီး လိုအပ်သလိုအတွဲများ၊ (Volumes)များကို ခွဲ၍ ထုတ်ဝေမည့် အစီအစဉ်ဟာ ကျွန်တော် တို့ မဖြစ်မနေ ဆောင်ရွက်ရမယ့်အစီအစဉ်ဖြစ်ပါတယ်ခင်ဗျား။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ရေး ဝန်ကြီးဌာနကနေပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီးတော့ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပညာ ရှင်များရဲ့ အကြံဉာဏ်များရယူခြင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် စံနှုန်းများကောက်ယူခြင်း၊ ပြန်လည် စိစစ်ခြင်းကိစ္စများကို အဆင့်လိုက်ဆောင်ရွက်ပြီးရေးဆွဲမှာ ဖြစ်ပါတယ်။ ပထမထုတ်ဝေပြီးတဲ့ (Analysis of Rate)ကို အမှန်အတိုင်းတင်ပြရလျှင်၂၀၀၈-၂၀၀၉ လောက်ကစပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာန အတွင်းမှာ ဆောင်ရွက်ခဲ့ တာဖြစ်ပါတယ်။ ဒီမှာ ၂၀၁၃ မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးက လွှတ်တော် မှာ တင်ပြလာတဲ့အခါမှာ ကျွန်တော်တို့က ဒါကိုအထူးအလေးထားပြီးတော့ ကျွန်တော်တို့ အမြန်ဆုံး ဆောင်ရွက်ပြီးတော့ ၂၀၁၄ မှာထုတ်ပြန်ခဲ့ပါတယ်။ ဒီလို ထုတ်ပြန်ခဲ့စဉ်အခါတုန်းကလည်းပဲ ကျွန်တော်တို့ သမ္မတရုံးဝန်ကြီးဌာန(၆) ပြည်ထောင်စုဝန်ကြီးဖြစ်တဲ့ ဦးလှထွန်း ကနေ ကြီးကြပ်ကွပ်ကဲ ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ဌာနအားလုံးကို ခေါ်ယူပြီးတော့ ကျွန်တော်တို့ (Analysis of Rate)တွေကို တောင်းခံ တာဖြစ်ပါတယ်။

ဒီလို တောင်းခံတဲ့အခါမှာ ကျွန်တော်တို့ အချိန်အကန့်အသတ်(၆)လပေးခဲ့ပါတယ်။ (၆)လ ပြည့်တဲ့အချိန်မှာ ဒီဌာနများအနေနဲ့ဆက်လက်ပြီးတော့ ပြည့်စုံအောင်စုစည်းတင်ပြပါရစေလို့ မေတ္တာ

ရပ်ခံလာတဲ့အတွက် ကျွန်တော်တို့က အချိန်ပေးပြီးတော့ စောင့်ခဲ့သော်လည်း အချိန်မီမရရှိတဲ့အတွက် ၂၀၁၄ မှာတော့ ကျွန်တော်တို့က လက်ဝယ်မှာအဆင်သင့်ဖြစ်တဲ့(၇)အုပ်ကိုသာ ကျွန်တော်တို့စတင်ပြီး ထုတ်ဝေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု ကျွန်တော်တို့ ဆက်လက်ပြီးတော့လည်း ဒီစာအုပ်(၇) အုပ်အပြင် ကျန်တဲ့ဘာသာရပ်ဆိုင်ရာများနဲ့ ပတ်သက်တဲ့ (Analysis of Rate) များကိုလည်း (Volumes) အလိုက် ဆက်လက်ပြီးတော့ ကျွန်တော်တို့ ထုတ်ဝေမှာ ဖြစ်ပါတယ်။ အဲဒီတော့ ထုတ်ဝေမယ့်ကာလ ကိုတော့ အကြမ်းဖျင်း(၂)နှစ်ခန့် ကြာမြင့်မှာဖြစ်ပါတယ်လို့ ခန့်မှန်းပါကြောင်း လေးစားစွာတင်ပြအပ် ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော မှ မေးမြန်းထားတဲ့ မေးခွန်း(၃)ခုနဲ့ ပတ်သက်ပြီး တော့ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ဒီတော့ ဒီဟာတွေဟာ အင်ဂျင်နီယာဘာသာရပ်တွေနဲ့ ပတ်သက်တဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ဝန်ကြီးဌာနကို ပထမမေးခွန်းမှာ မေးထားတာက မတူညီတဲ့ လုပ်ငန်းတာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်းထမ်းဆောင်နေရတဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား သီးခြားလွတ်လပ်သော လုပ်ငန်းအဖွဲ့အစည်းနှစ်ခု အဖြစ် ခေတ်စနစ်နဲ့အညီ ပြောင်းလဲဖွဲ့စည်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ နဲ့ပတ်သက်ပြီး တင်ပြရရင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆိုတာကို ၁၈၈၈ ခုနှစ်မှာ ပြည်သူ့လုပ်ငန်းဌာန (Public Works Department) (P.W.D) အမည်နဲ့ စတင်ဖွဲ့စည်း ခဲ့တာဖြစ်ပါတယ်။ အဲဒီလိုဖွဲ့စည်းတဲ့အခါမှာ ဒီဝန်ကြီးဌာနမှာ အဆောက်အအုံရယ်၊ လမ်းဌာနခွဲနှင့် ဆည်မြောင်းဌာနခွဲဆိုပြီးတော့ ပါဝင်တာဖြစ်ပါတယ်။

ဒီနောက်မှာတော့ ကျွန်တော် အတိုချုပ်ပြီး တင်ပြရရင် ၁၉၆၅ ခုနှစ်ကျမှ အခြားဝန်ကြီးဌာန များ လက်အောက်မှာရှိတဲ့ မြို့ပြအင်ဂျင်နီယာဌာန(၂၁)ခုနဲ့ ပူးပေါင်းပြီးတော့ ပြည်သူ့လုပ်ငန်း ကော်ပိုရေးရှင်း (Public Works Corporation) အဖြစ် ကျွန်တော်တို့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ၁၉၇၂ ခုနှစ်မှာ ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်းကို ဆောက်လုပ်ရေးကော်ပိုရေးရှင်း (Construction Corporation) အဖြစ် ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ ဒီနောက်မှာတော့ ၁၉၈၈ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှာ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း (Public Works) အဖြစ် ပြောင်းလဲပြီးတော့ ဖွဲ့စည်း ခဲ့တာ ဖြစ်ပါတယ်။ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းရဲ့လက်အောက်မှာ လမ်းဦးစီး၊ တံတားဦးစီး၊ အဆောက်အအုံဦးစီးနဲ့ လေယာဉ်ကွင်းဦးစီး ဆိုပြီးတော့ ဌာနကြီး(၄)ခုရှိပါတယ်။ ဒါကိုလည်းပဲ ကျွန်တော် တို့ ၂၀၁၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို လမ်းဦးစီးဌာန၊ တံတား ဦးစီးဌာန၊ အဆောက်အအုံနဲ့ ဆောက်လုပ်ရေးညွှန်ကြားမှုဦးစီးဌာန ဆိုပြီးတော့ ကျွန်တော်တို့ (၃)ခု ခွဲပြီးတော့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းတဲ့ အဖွဲ့အစည်းတွေမှာလည်း ညွှန်ကြားရေးမှူးချုပ် တစ်ဦးစီကနေ ဦးဆောင်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီမှာတော့ လွှတ်တော်ကိုယ်စားလှယ် ကြီး မေးမြန်းတဲ့မေးခွန်းဟာ ကျွန်တော်တို့ကို (၂)ခု ခွဲလိုတာဖြစ်ပါတယ်။ (၂)ခုခွဲလိုတဲ့အဓိပ္ပာယ်ကတော့ တစ်ခုကတော့ ဆောက်လုပ်ရေးကို လုပ်တယ်။ နောက်တစ်ခုက ပညာရပ်ပိုင်းဆိုင်ရာ အကြံပြုအင်ဂျင်နီယာ ပိုင်းကို လုပ်တယ်။ ဒီဇိုင်းတွေကို လုပ်တယ်။ ဒါကို ခွဲခြားစေချင်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့လည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုတဲ့အတိုင်း ဒီလိုဆက်ဖွဲ့တဲ့ အဖွဲ့အစည်းမှာ ကျွန်တော်တို့က Regulatory Body အနေနဲ့ပဲ ကျန်ခဲ့ပြီးတော့ ကျွန်တော်တို့က အကြို အင်ဂျင်နီယာလုပ်ငန်းတွေကို ဆောင်ရွက်မှာဖြစ်ပါတယ်။ တကယ့်အပြင်မှာ တည်ဆောက်တဲ့ လုပ်ငန်း တွေကိုတော့ ကျွန်တော်တို့ကို နိုင်ငံတော်က မျှော်မှန်းထားတဲ့အတိုင်း (P.P.P) ဆိုတဲ့အတိုင်း (Public Private Patenership) တွေကို တစ်ဖြည်းဖြည်း လွှဲပြောင်းသွားမှာဖြစ်ပါတယ်။ ဒီလို ချက်ချင်းလွှဲပြောင်းဖို့ မရသေးတဲ့ Transition Period ကြားကာလအတွင်းမှာတော့ ကျွန်တော်တို့ ဌာနကပဲ အချို့အဝက်ကို ဝင်ရောက်ဆောင်ရွက်ပြီး တစ်ဖြည်းဖြည်း လွှဲသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ဆောင်ရွက် လျက်ရှိပါကြောင်း ပထမမေးခွန်းကို ကျွန်တော် တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ခေတ်စနစ်နဲ့အညီပြောင်းလဲပြင်ဆင်ဖွဲ့စည်းဆောင်ရွက် သွားရန် အစီအစဉ်မရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက် လျက်ရှိတဲ့ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ လမ်း၊ တံတားစီမံကိန်းများကို လုပ်ငန်းစီမံကိန်း တစ်ခုချင်းစီ အလိုက် ခန့်မှန်းကုန်ကျငွေနဲ့ ထုတ်ပြန်ကြေညာ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက် ရှိတဲ့ နှုန်းထားနဲ့ အရည်အသွေးအတိုင်း ဆောင်ရွက်နိုင်သည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများကို ဈေးပြိုင် တင်ဒါခေါ်ယူ၍ အရည်အသွေး ယှဉ်ပြိုင်ဆောက်လုပ်စေရန် ခွင့်ပြုပေးခြင်း ရှိ/မရှိ နဲ့ ပတ်သက်ပြီး ဖြေကြားရရင် ခေတ်စနစ်နဲ့အညီ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းသွားရန် ကျွန်တော် ပထမမေးခွန်းမှာ ဖြေကြား သွားပြီး ဖြစ်ပါတယ်။

သို့သော်လည်းပဲ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်တဲ့ လမ်း၊ တံတား၊ အဆောက်အအုံ စီမံကိန်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်ပြီးတော့ ကျပ်(၅၀)သန်းအထက် လုပ်ငန်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နှုန်းထား အတိုင်း ပြည်တွင်းကုမ္ပဏီများက၊ နိုင်ငံခြားချေးငွေ အကူအညီနဲ့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းကြီးများ ကိုလည်း ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအား လည်းကောင်း၊ နိုင်ငံပိုင်သတင်းစာများမှာ ကြေညာ ထည့်သွင်းခေါ်ယူကာ ပထမအဆင့်အနေနဲ့ ကုမ္ပဏီများရဲ့ အရည်အချင်းကိုစစ်ဆေးတယ်။ ဒုတိယ အဆင့်အနေနဲ့ အိတ်ဖွင့်တင်ဒါစနစ်နဲ့ ဈေးနှုန်း ယှဉ်ပြိုင်စေပြီးတော့ လုပ်ငန်းဆောင်ရွက်ခွင့်ပေး လျက်ရှိပါတယ်။ ဒို့အပြင်နိုင်ငံခြား ချေးငွေအကူအညီ JICA ODA ချေးငွေများနဲ့ ဆောင်ရွက်တဲ့လုပ်ငန်း လမ်း(၁၄)လမ်းကိုလည်း သတ်မှတ်ထားတဲ့နှုန်းထားများအတိုင်း တင်ဒါခေါ်ယူဆောင်ရွက်ခွင့်ပြုပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ တတိယမေးခွန်းဖြစ်တဲ့ ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိတဲ့ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ဌာနတွင်း အရည်အသွေး စစ်ဆေးကြပ်မတ်သည့်စနစ်မှ နိုင်ငံတော်အဆင့် သီးခြားလွတ်လပ်တဲ့ အရည်အသွေး စစ်ဆေးကြပ်မတ် ရေးအဖွဲ့များဖြင့် အဆောက်အအုံ၊ လမ်း၊ တံတား စီမံကိန်းများရဲ့ အရည်အသွေးကို စစ်ဆေးခံရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်ပြီး ဖြေကြားရရင် ကျွန်တော်တို့ တင်ပြခဲ့ပြီးဖြစ်တဲ့အတိုင်း အရည်အသွေး စစ်ဆေးကြပ်မတ်ရေးအဖွဲ့များနဲ့ နည်းပညာဆိုင်ရာအကြံပေးအတိုင်ပင်ခံအဖွဲ့များနဲ့ မြေစမ်းသပ်ခြင်း၊ ပုံစံထုတ်လုပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း(Quality Control)၊ အရည်အသွေးအာမခံချက်

(Quality Assurance) များ ဆောင်ရွက်သွားရန် ၈-၁-၂၀၁၄ နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဝန်ကြီးဌာနများအားလုံးနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့များအားလုံးကို ညွှန်ကြားခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့တော့ နိုင်ငံတော်အဆင့် ဝန်ကြီးဌာနများအားလုံးကို အရည်အသွေး ကြပ်မတ်စစ်ဆေးခြင်းလုပ်ငန်းကို ချက်ချင်းဆောင်ရွက်နိုင်ဖို့အတွက်တော့ လောလော ဆယ်မှာ အခက်အခဲများ ရှိနေပါသေးတယ်။ ဒါကြောင့်မို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံခြား ချေးငွေအကူအညီနဲ့ ဆောင်ရွက်တဲ့ JICA၊ ADB ချေးငွေများနဲ့ ဆောင်ရွက်တဲ့တည်ဆောက်ရေး လုပ်ငန်း များမှာတော့ အရည်အသွေးစစ်ဆေးကြပ်မတ်ရန်အတွက် နိုင်ငံခြား Consultant Team များ ငှားရမ်း ပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ တတိယမေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၂) မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းဇော်(ခ)ကိုပေါက် မှ မေးမြန်းထားတဲ့ နှစ်စဉ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ပြည်နယ် ရန်ပုံငွေများမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်တဲ့ တည်ဆောက်ရေးလုပ်ငန်းများကို ဒေသတွင်းရှိ ဒေသခံအများပိုင် ကုမ္ပဏီများမှ တည်ဆောက်ရေး လုပ်ငန်းများ တည်ဆောက်ခွင့်ရရှိမည့်နည်းလမ်းများ အစီအမံများအား သိလိုသည့်မေးခွန်းအား ဖြေကြား သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေများမှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော တည်ဆောက်ရေးလုပ်ငန်းများအတွက် ဒေသခံအများပိုင်ကုမ္ပဏီများအတွက် ဆောက်ရွက် ခွင့်ရှိပါတယ်။ သို့သော် တင်ဒါစနစ်ဖြစ်၍ ဝင်ရောက်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ဌာနများမှ ရရှိတဲ့ရန်ပုံငွေများကို လုပ်ငန်းဖော်ပြ၍ တင်ဒါတင်သွင်းရန် တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံရုံးများ၊ ညွှန်ကြားရေးမှူးရုံးများမှာ ကြေညာခေါ်ယူပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရရုံးများဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၈-၁-၂၀၁၄ ရက်နေ့မှာ ညွှန်ကြားထားတဲ့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရာမှာ ကျင့်သုံးရမှာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့လည်း မနေ့က ကျွန်တော် ပြည်ထောင်စုလွှတ်တော်မှာ အနည်းငယ် ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် ပြန်တင်ပြရင် ကျွန်တော်တို့က ကျပ်ငါးသန်းအောက် အသေးစားပြင်ဆင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ တင်ဒါခေါ်ဆိုရန် မလိုဘဲနဲ့ မိမိဌာနအတွင်း ဘုတ်အဖွဲ့ဖွဲ့စည်းပြီး ယုံကြည်စိတ်ချရသော အဖွဲ့အားခေါ်ယူပြီးတော့ တာဝန်ပေးအပ်ရမှာဖြစ်ပါတယ်။ ကျပ်(၅)သန်းမှ ကျပ်သန်း(၅၀)အထိ လုပ်ငန်းများကိုတော့ အိတ်ဖွင့်တင်ဒါခေါ်ယူရာမှာ သက်ဆိုင်ရာဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများနှင့် ကြေညာသင်ပုန်းများမှာ နှစ်ပတ် ကြိုတင် ပြီးတော့ ကြေညာခြင်း၊ တင်ဒါရွေးချယ်ရာမှာလည်း သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများနဲ့အတူ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနဲ့ လုပ်ငန်းဆက်စပ်သော ဌာနအဖွဲ့များမှ အနည်းဆုံး (၃)ဦးပါဝင်သော ဘုတ်အဖွဲ့ဖွဲ့စည်း၍ ရွေးချယ်ရမှာ ဖြစ်ပါတယ်။

ကျပ်(၅၀)သန်းအထက် လုပ်ငန်းများအတွက် ဆောင်ရွက်မည့်အမျိုးအစားကို ရှင်းလင်းစွာ ဖော်ပြပြီး နိုင်ငံပိုင်သတင်းစာများမှာ သိသာထင်ရှားစွာကြေညာ၍ သတ်မှတ်ရက်ထက်အနည်းဆုံး (၁)လ ကြိုတင်ပြီးတင်ဒါ ခေါ်ယူရမှာဖြစ်ပါတယ်။ ၎င်းအပြင် မိမိတို့ရုံးကြေညာသင်ပုန်းနှင့် ဖြစ်နိုင်ပါက ဝန်ကြီးဌာန Website တို့မှာပါ (၁)လ ကြိုတင်၍ ကြေညာရမှာဖြစ်ပါတယ်။ တင်ဒါပုံစံနှင့် တင်ဒါ

စည်းကမ်းများ၊ စံချိန်စံညွှန်းများကို ပြုစုထားပြီးတော့ တင်ဒါတင်သွင်းမည့်သူများထံ ထုတ်ပေးခြင်း၊ မှတ်တမ်းထားရှိခြင်းများကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါတင်သွင်းလိုတဲ့ ကုမ္ပဏီများအနေနဲ့ အောက်ဖော်ပြပါ အဓိကအချက်များကို စိစစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီမှာကတော့ (၁) အနေနဲ့ တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန် ကျွမ်းကျင်အင်ဂျင်နီယာနှင့် ကျွမ်းကျင်လုပ်သား၊ စက်ယာဥ်ယန္တရားအင်အား အခြေအနေ၊ (၂) ယခင်လုပ်ဆောင်ခဲ့ဖူးတဲ့ လုပ်ငန်းအတွေ့အကြုံများ၊ (၃) ငွေကြေးပြည့်စုံမှုရှိသော လုပ်ငန်းကို တိုက်ရိုက်ဆောင်ရွက်နိုင်တဲ့ ကုမ္ပဏီဖြစ်ခြင်း၊ (၄) ခန့်မှန်းခြေ စာရင်းနဲ့ပုံစံများ ပြည့်စုံပြီး သတ်မှတ်ထားသော ဒေသပေါက်ဈေးနှုန်းနှင့် ကိုက်ညီမှုရှိခြင်းတို့ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ဒီခန့်မှန်းခြေ အဆင့်ဆင့်မှာ ယမန်နေ့က ပြည်ထောင်စုလွှတ်တော်မှာ အသေးစိတ်တင်ပြပြီးဖြစ်တဲ့အတွက် ကျွန်တော် ဒီမှာ ရှင်းလင်းခြင်းမပြုတော့ပါဘူး။ ဒါကြောင့်မို့လို့ ဒေသအတွင်းမှာရှိတဲ့ ကုမ္ပဏီများအနေနဲ့ လုပ်ငန်းဆောင်ရွက်လိုပါက ကျွန်တော်တင်ပြခဲ့တဲ့ အချက်အလက်များကို ပြည့်စုံစွာဆောင်ရွက်ပြီးတော့ တင်ဒါစည်းကမ်းများနဲ့အညီ ဝင်ရောက်ယှဥ်ပြိုင်နိုင်ပြီး အောင်မြင်ပါက အောင်မြင်သည့် ကုမ္ပဏီမှ (Subcontract) ဖြင့်ဆောင်ရွက်လို့ မရပါဘူး။ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီများဟာ လုပ်ငန်းတင်ဒါ အောင်မြင်သည့် ရန်ပုံငွေရဲ့ (၅)ရာခိုင်နှုန်းအား လုပ်ငန်းအာမခံငွေအဖြစ် ဘဏ်မှာအပ်နှံစေပြီး နှစ်ဦး နှစ်ဘက် တင်ဒါစာချုပ်ချုပ်ဆို ဆောင်ရွက်ရပါမယ်။ လုပ်ငန်းဆောင်ရွက်ရာမှာလည်း တစ်ဆင့်ချင်း အလိုက် ပြီးစီးမှုများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ် ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီ(၃)ဖွဲ့မှ အဖွဲ့ဝင်များ၊ ကျွမ်းကျင်သူအရည်အသွေး စစ်ဆေးရေး အဖွဲ့များနှင့် စစ်ဆေးပြီးတော့ သတ်မှတ်အရည်အသွေးပြည့်မီမှသာ ဆက်လက်ဆောင်ရွက်စေခြင်းနဲ့ ငွေပေးချေခြင်းများကို ဆောင်ရွက်ရပါတယ်။ သဘာဝဘေးဒဏ်မဟုတ်ဘဲ တစ်နှစ်အတွင်းပျက်စီးပါက လုပ်ငန်းများကို သက်ဆိုင်ရာကုမ္ပဏီမှ ပြန်လည်ပြုပြင်စေခြင်း၊ စာချုပ်ပါစည်းကမ်းဖောက်ဖျက်ပါက ပြစ်ဒဏ်အဖြစ် အာမခံငွေသိမ်းယူကာ ကုမ္ပဏီကို Black List သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်တောင်းပါ။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဥက္ကဋ္ဌကြီး ကျွန်တော့်ကို ပြန်ဆွေးနွေး ခွင့်ပြုတဲ့အတွက် ကျေးဇူးအများကြီးတင်ရှိပါတယ်။ ဒါအပြင် ကျွန်တော့်မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ရှင်းလင်းပြောကြားသွားတဲ့အတွက်လည်း ကျွန်တော် ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်နည်းနည်းလေးဆွေးနွေးလိုတာကတော့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ကျန်ရှိတဲ့ လုပ်ငန်းသဘာဝတွေကို (၂)နှစ်ကြာမှ ကျွန်တော်တို့ ဒီကဟာကို ပြီးပါ မယ်လို့ လုပ်တာလေး။ ဒါလေးကတော့ ကျွန်တော်နည်းနည်းလေး သိပ်ပြီးတော့ ဟို ဘဝင်မကျပါဘူး။ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှာ လွှတ်တော်မှာတင်ခဲ့တယ်။ ၂၀၁၄၊ ဇန်နဝါရီမှာ အတွဲ(၇)တွဲကို ထုတ်ခဲ့ပါတယ်။ (၆)လ အတွင်းမှာ အခုနလည်းဒုဝန်ကြီး ရှင်းသွားတဲ့ အထဲမှာပါပါတယ်။ တကယ်တော့ အဲဒီ(၇)တွဲထဲမှာလည်း ကျွန်တော်တို့ ကျန်ရှိတဲ့ဝန်ကြီးဌာနတွေရဲ့ လုပ်ငန်းသဘာဝတူတဲ့ ဟာတွေ တော်တော်များများ ကျွန်တော်တို့ပါပါတယ်ခင်ဗျ။

တကယ့် ဒါကြောင့်မို့လည်း ကျွန်တော် unit construction, unit feature ကိုပဲ ကျွန်တော် ဒါကို ဖြည့်စွက်ပြီးတော့ လုပ်ဖို့တင်ပြခြင်းဖြစ်ပါတယ်။ ဒါအပြင့်လည်းပဲ ကျွန်တော်တို့ လယ်/ဆည် အောက်မှာရှိတဲ့ ဆောက်လုပ်ရေး၊ လျှပ်စစ်အောက်မှာရှိတဲ့ ရေအားလျှပ်စစ်တို့ ဘာတို့မှာ ဆိုရင်လည်း ကျွန်တော်တို့ အားလုံးလောက်နီးပါးလုပ်ငန်းသဘာဝတူပါတယ်ခင်ဗျား။ ဒီ Dam တွေ၊ ကွန်ကရစ်ဒမ် စသည်အားဖြင့်ပါ။ တချို့ဟာတွေဟာ ထုတ်လုပ်ရေး(၇)တွဲတွေဟာ မပါတဲ့ဥစ္စာတွေကို ဖြည့်စွက်ဖို့ကျွန်တော်တို့တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဝန်ကြီးဌာနရဲ့ အခက်အခဲကိုလည်း နားလည်ပါတယ်။ ကျွန်တော်တို့ဟာ ဒီ လုပ်ငန်းအသစ်တည်ဆောက်ပေးဖို့၊ လုပ်ကိုင်ပေးဖို့အတွက်ကို ဘဏ္ဍာငွေကြေးကို ရင်းနှီးမြှုပ်နှံပြီးတော့မှ ကျခံပြီးတော့ လုပ်ရမယ့် လုပ်ငန်းမျိုးဆိုလို့ရှိရင်လည်း ကျွန်တော်တို့ တော်တော်ဆင်ခြင်ပါတယ် ခင်ဗျား။ အဲဒီတော့ အခုဟာကတော့ ကျွန်တော်ညှိနှိုင်းပေါင်းစပ် ပြီးတော့ လုပ်လက်စအရှိန်လေးနဲ့ ကိုင်လက်စ အဖွဲ့အစည်းကနေပြီးတော့မှ သွားလို့ရှိရင် ကျွန်တော်က ဒါလေးက ပိုမိုပြီးတော့မြန်ဆန်ပြီးတော့ နှစ်စဉ်နှစ်တိုင်း ပြဿနာနဲ့ ရင်ဆိုင်နေကြရတဲ့အခါက လုပ်ငန်း အခြေခံစံနှုန်းများတွေဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေရှင်းပေးတယ် ဆိုတဲ့ သဘောလည်း ကျွန်တော်တို့ သက်ရောက်တယ်လို့ ယူဆပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ common ဖြစ်တဲ့ဟာတွေကိုအကုန်လုံးထည့်ပြီးတော့ ကျန်တာ volume ကျွန်တော့်အထင်ပေါ့လေ။ နောက်ထပ် ဒီလောက်လည်းများမယ်လို့ ကျွန်တော်မယူဆပါဘူး။ ဒါပေမဲ့ လက်တွေ့လုပ်ရတဲ့ဝန်ကြီးဌာနက ပိုပြီးတော့ နားလည်သိရှိပြီးဖြစ်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် (၂)နှစ်ဆိုတဲ့ဥစ္စာလေးကိုတော့ ကျွန်တော်ဒါလေးကတော့ နည်းနည်းပြန်လည်ပြီးတော့ စဉ်းစားပြီးတော့ ဖြေသွားရင်လည်း ကျွန်တော်တို့ ဘဏ္ဍာရေးနှစ် ဘယ်နှစ်မှာ နောက်ဆုံးပြီးပါမယ် ဆိုတဲ့ ဥစ္စာမျိုးဆိုတာကို ကျွန်တော်တို့ ဒါကို လုပ်ပေးပါလို့ ကျွန်တော်ထပ်မံပြီးတော့ မေတ္တာရပ်ခံ ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အခုလို လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးမြင့် ထပ်မံပြီးတော့ ဆွေးနွေးအကြံပေးသွားတဲ့အတွက် ကျွန်တော်တို့ အထူးပဲကျေးဇူးတင်ပါတယ်။ အခုအခါကကတော့ (၂)နှစ်ကိုကြာတယ်လို့ ကျွန်တော်တို့ တင်ပြခြင်း ဖြစ်ပါတယ်။ အမှန်တကယ် ကျွန်တော်တို့ကို သက်ဆိုင်ရာဌာနတွေက ခွင့်တောင်းတဲ့ ရက်က(၂)နှစ်ခွဲ ဖြစ်ပါတယ်။ ဒါ ကျွန်တော် အမှန်အတိုင်း တင်ပြတာပါ။ ကျွန်တော်က ဒါကို ဘာလိုပဲဖြစ်ဖြစ် ခင်ဗျားတို့ (၂)နှစ်ခွဲကတော့ သိပ်ကြာလွန်းနေပြီ။ (၂)နှစ်နဲ့အပြီး လုပ်ပေးပါ။ ဒါက (၂)နှစ်ဆိုတာက အကြာဆုံးအချိန် ဖြစ်ရမယ်။ ဒီကြားထဲမှာ ကျွန်တော်တို့ စုစည်းလို့ရရင် ရသလောက် ဒီမှာ လျှပ်စစ်ရော၊ ရေအားလျှပ်စစ်ရော၊ မီးရထားရော၊ စည်ပင်သာယာရေးအဖွဲ့တွေရော ဘိတ်ဆုံး ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနသည်ပင်လျှင် ခေတ်အလိုက် တိုးတက်လာတဲ့လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး တော့ ကျွန်တော်တို့ အခု ထုတ်လိုက်တဲ့ စာအုပ်က ပါဝင်ခြင်းမရှိခဲ့ပါဘူး။ ဒါလည်းပဲ ဆရာဦးမျိုးမြင့် ပိုသိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ Technology က တစ်ဖြည်းဖြည်း အဆင့်မြင့်လာ တာဖြစ်တဲ့အတွက် မြင့်မားတိုးတက် လာတဲ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က အမြဲတမ်း ဖြည့်စွက်နေရတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့က မြန်အောင်တော့ကြိုးစားပါမယ်။ အတတ်နိုင်ဆုံးမြန်အောင် ကျွန်တော်တို့ ကြိုးစားပါ့မယ်။ ကျွန်တော်တို့က သူတို့တောင်းဆိုတဲ့(၂)နှစ်ခွဲကို ကျွန်တော်တို့က (၂)နှစ်နဲ့ အပြီးလုပ်ပေးပါလို့ ကျွန်တော်တို့ပြောဆိုထားခြင်းဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အပြီးလုပ်ဖို့ ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ဘက်က ဒီ ရန်ပုံငွေတွေကို သုံးစွဲတဲ့အခါမှာ ဒီ(၇)အုပ်နဲ့ (၇)မျိုး ကိုတော့ အခြေခံပါ။ ကျန်တဲ့အပိုင်းတွေကိုလည်း ခင်ဗျားတို့ မပြီးသေးရင် ခင်ဗျားတို့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေရဲ့ ဒီသတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေအတိုင်းပဲ ဆောင်ရွက်နေပါလို့ ဒီအတိုင်းပဲ စာရင်းစစ် ကလည်း စစ်ပါလိမ့်မယ်။ သို့သော် ပြီးသွားရင်တော့ ကျွန်တော်တို့ သတ်မှတ်တဲ့အတိုင်း စစ်ဖို့ဆိုတဲ့ဟာကို ကျွန်တော်တို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ဒီမှာ အကြံပေး တင်ပြတဲ့အတိုင်း ကျွန်တော်တို့ (၂)နှစ်ဆိုပေမယ့် ၂၀၁၆-၂၀၁၇ ဆိုပေမယ့် ကျွန်တော်တို့ အတတ်နိုင်ဆုံး ကျွန်တော်တို့ ကြိုးစားပြီးတော့ အမြန်ဆုံးဖြစ်အောင်တော့ ကျွန်တော်တို့ဆောင်ရွက်ပေးမယ် ဖြစ်ပါကြောင်း ကျွန်တော် ပြန်လည် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အခုနက ဒုဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ များသောအားဖြင့်တော့ ခုန Sub-Contract မပေးဘူးလို့ ပြောပါတယ်။ ဒါပေမဲ့ Sub-Contract တွေ ပေးနေပါတယ်။ အဲဒါကို ဝန်ကြီးဌာန အနေနဲ့ သိပါသလား။ ဥက္ကဋ္ဌကြီးလည်း ပြီးခဲ့တဲ့ ကျွန်တော်တို့ နတ္တလင်း-ဒမငယ်လမ်းကိစ္စမှာ ရွှေလွင်လွင် ကုမ္ပဏီနဲ့ဆို အဲဒါ ဒုတိယဝန်ကြီး ဦးတင်ငွေ လည်း (၂)ခေါက်စစ်ပါတယ်။ နောက်ဆုံး စံချိန်စံညွှန်းမမီလို့ ကျွန်တော်တို့ ဆောက်လုပ်ရေးက ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် လည်း စစ်သွားပါတယ်။ ဒါတွေလည်း Sub-Contract ပါ။ အဲဒါတွေ လည်း မသိဘူး ဆိုပေမယ့် ခုနကလို သိလာခဲ့ရင် ဘယ်လိုအရေးယူမလဲ ခင်ဗျား။ အဲဒါဖြေနိုင်ရင် ဖြေကြား ပေးပါ။

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ ဝန်ကြီးဌာနပေါင်းစုံကတော့ ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ ဆောက်လုပ်ရေး လုပ်ငန်းတွေဟာ စံချိန်စံညွှန်းမမီဘဲနဲ့ ဒါ ကျွန်တော်တို့ ဥက္ကဋ္ဌကြီး အမိန့်ရှိခဲ့သလိုပဲ ဇီးသီးဗန်းမှောက် တယ် ဆိုတဲ့ ကိစ္စဖြစ်ပြီးတော့ ကျွန်တော်တို့ တစ်ပြည်လုံးလိုက်စစ်ရတဲ့ဘဝ ရောက်ပါတယ်။ အခုလည်း ဒုတိယအကြိမ် လိုက်စစ်ရမှာပါ။ ဒီတော့ လိုက်စစ်တဲ့အခါမှာ ကျွန်တော်တို့ တွေ့ရှိချက်တွေ ရှိပါတယ်။ ဒီ တွေ့ရှိချက်တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ကို တာဝန်ပေးစေခိုင်းတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကို ကျွန်တော်တို့အစီရင်ခံစာ တင်ထားပြီး ဖြစ်ပါတယ်။ တင်ထားပြီးတဲ့အခါမှာ ဒါ ပြည်ထောင်စု အစိုးရ အဖွဲ့က ညွှန်ကြားဆောင်ရွက်တဲ့အတိုင်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါ ကြောင်း လေးစားစွာတင်ပြအပ် ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အစိုးရအဖွဲ့ကလည်း ပြန်ပြီးတော့ အစီရင်ခံပါတယ်။ ဒီမှာ လွှတ်တော် ကိုယ်စားလှယ်တွေအားလုံး အသိပေးပါတယ်။ အဲဒီအထဲမှာတစ်ခုပဲ၊ စစ်ဆေးရေးအဖွဲ့က Black List သွင်းသင့်ပါသည် ဆိုတဲ့ ဥစ္စာတွေကို သတင်းစာမှာ ကြေညာဖို့လိုတာပေါ့။ ဒီ ကုမ္ပဏီ၊ ဒီ ပုဂ္ဂိုလ်တွေ Black List သွင်းလိုက်သည်။ ကုမ္ပဏီနာမည်နဲ့တင် မရဘူး။ နောက်မို့ ကုမ္ပဏီနာမည်ပြောင်းပြီး ဒီလူ တွေက ထပ်လုပ်ဦးမယ်။ ဒီ ပုဂ္ဂိုလ်တွေပါ အပါအဝင် အဲဒီ Black List တွေကတော့ သတင်းစာမှာ ကြေညာဖို့ သင့်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၁ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးမယ့် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၂(က) (ဆ)(၃)

၂။ (က) နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်ဟု ဖြည့်စွက်ထားပါတယ်။

(ဆ) ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ် ဆိုသည်မှာ ရေယာဉ်အန္တရာယ် ကင်းရှင်းစေရန် ဤဥပဒေနှင့်အညီ လိုအပ်သည့် တည်ဆောက်မှု၊ တပ်ဆင်မှုနှင့် ထိန်းသိမ်းမှုများကို တိုင်းတာစစ်ဆေး အတည်ပြုထားသည့် အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည်။

(ဍ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကိုဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ဆ)(ဍ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ (က)(ဆ)(ဍ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ (ခ)(ဂ)

၄။ ဝန်ကြီးဌာနသည် ရေယာဉ်တိုင်းတာ စစ်ဆေးခြင်းနှင့် ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ရမည်။

၁၅။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်တို့သည် ဦးစီးဌာနမှ ခွင့်ပြုပြီးသော ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်းလက်မှတ်ကို လက်ခံရရှိပါက ရေယာဉ်အသုံးပြုစဉ်ကာလအတွင်း အဆိုပါ လက်မှတ်၏ မူရင်းခွဲ မိတ္တူကို ရေယာဉ်ပေါ်တွင် လူအများ အလွယ်တကူ မြင်နိုင်သောနေရာ၌ ထိုလက်မှတ် သက်တမ်းကုန်ဆုံးသည့် အချိန်အထိ ချိတ်ဆွဲပြသထားရမည်။

၁၆။ (ခ) ရေယာဉ် အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးထားသော ရေယာဉ်သည် သတ်မှတ်ထားသော စံချိန်ညီညွတ်မှု မရှိတော့လျှင်သော်လည်းကောင်း၊ ရေယာဉ် ပိုင်ရှင်က သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် သော်လည်းကောင်း၊ ထုတ်ပေးထားသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်။

(ဂ) ခရီးသည်နှင့်ကုန်စည်များကို ရေယာဉ်တွင် သတ်မှတ်ထားသော ဝန်တင်မျဉ်း မြုပ်သည် အထိ တင်ဆောင်သော ရေယာဉ်၏ ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်း

လက်မှတ်ကို အနည်းဆုံး ၃ လမှ ၆ လ အထိ ရပ်ဆိုင်းခြင်း ပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ (ခ)(ဂ)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၃(က)(ခ)(ဂ)

၂၃။ ဝန်ကြီးဌာနသည် ရေယာဉ်တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ရေယာဉ် တည်ဆောက်သူ၊ ပုံစံထုတ်သူ၊ ကြီးကြပ်သူနှင့် အင်ဂျင်နီယာများအား အင်ဂျင်နီယာကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ် ရှိ မရှိစစ်ဆေးခြင်း၊ ကျွမ်းကျင်မှုအဆင့်အတန်း သတ်မှတ်ခြင်း၊ အရည်အချင်း စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ လိုင်စင်များ ထုတ်ပေးခြင်း၊

( ခ ) လိုအပ်သော အခကြေးငွေများနှင့် သက်ဆိုင်သော ကိစ္စရပ်များ သတ်မှတ်ခြင်း၊

( ဂ ) ရေယာဉ် တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၃ (က)(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃ (က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၅၈

၅၈။ The Inland Steam Vessels Act, 1917 အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၆၀၊ အပိုဒ် ၆၁ (ခ)

၆၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၆၁။ (ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၀၊ အပိုဒ် ၆၁ (ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၀၊ အပိုဒ် ၆၁(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက် -

အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၂(ဇ)ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က အပိုဒ် ၂၇ (ခ)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၉ တို့ကို မူလအဆိုပြုချက်အတိုင်း ထားရှိရန်ဟု တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာန နှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဦးသိန်းဝင်း (ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော် ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို မဖတ်ကြားမီ ဆောင်ရွက်ခဲ့တဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်လေးကို အနည်းငယ်ရှင်းပြလိုပါတယ်။ ပြည်ထောင်စု လွှတ်တော်ကနေ အတည်ပြု ပြဋ္ဌာန်းပေးလိုက်တဲ့ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ၊ အဆိုပါ ဥပဒေအရ ဒီနှစ်ရဲ့ နောက်ထပ်ဘဏ္ဍာငွေ သုံးစွဲရေး ဥပဒေတွေနဲ့ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရည်မှန်းချက်တွေနဲ့ လမ်း တံတား၊ ရေပေးဝေရေး၊ ကျေးလက်မီးလင်းရေး၊ ပညာရေး၊ စံပြအိမ်ရာ၊ အသက်မွေးဝမ်းကျောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း အစရှိတဲ့လုပ်ငန်းတွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကနေပြီး တော့မှ ခွဲဝေ သုံးစွဲခဲ့ကြပါတယ်။

သုံးစွဲခဲ့တဲ့ဝန်ကြီး ဌာနများအနက်မှ ယခုအစီရင်ခံစာတင်ပြထားတဲ့ ဝန်ကြီးဌာနကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန တွေရဲ့ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေတွေကနေပြီး သုံးစွဲခဲ့တဲ့ နိုင်ငံတော် ဘဏ္ဍာငွေများရဲ့ သုံးစွဲငွေများကို စိစစ်တင်ပြထားခြင်းဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေး ဝန်ကြီးဌာနများကိုလည်း သီးခြားနောက်ထပ် အစီရင်ခံ တင်ပြသွားမှာ ဖြစ်ပါတယ်။

စိစစ်ဆောင်ရွက်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူ့ဘဏ္ဍာငွေများ ပြည်သူများထံ အကျိုး ရှိစွာ ရောက်ရဲ့လား၊ အမှန်တကယ်ရရှိ ခံစားနိုင်ကြရဲ့လား ဆိုတဲ့ ရှုထောင့်ကနေပြီးတော့ အကျိုး

သက်ရောက်မှုကို စိစစ်တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် စိစစ်တင်ပြ ခြင်း ဖြစ်ပါတယ်။

စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဆက်လက် တင်ပြသွားပါမယ်။ အစီရင်ခံစာမှာ နိဒါန်းပိုင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သုံးသပ်ချက်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး ရန်ပုံငွေသုံးစွဲမှုအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ အစီရင်ခံစာ၊ ဝန်ကြီးဌာနနဲ့ ပြည်ထောင်စု အစိုးရအဖွဲ့တွေကို တိုက်တွန်းတဲ့ တိုက်တွန်းချက် စသဖြင့် အပိုင်းအလိုက် တင်ပြထားပါတယ်။ အစီရင်ခံစာကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာအား လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေပြီးဖြစ်တဲ့အတွက် အသေးစိတ်ဖတ်ကြားခြင်း မပြုတော့ဘဲ အနှစ်ချုပ်တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

နိဒါန်းပိုင်းမှာ လုပ်ငန်းစဉ်အကျဉ်းကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ စိစစ်တွေ့ရှိချက်များကနေပြီးတော့ ဝန်ကြီးဌာန(၂)ခုအပေါ် ခွင့်ပြုငွေ၊ သုံးစွဲငွေ၊ ပြုပြင်ပြီး ခန့်မှန်းခြေ၊ ဆောင်ရွက်ခဲ့သော ပြည်နယ်တိုင်းဒေသကြီးများတွင် သုံးစွဲခဲ့သည့် ငွေလုံးငွေရင်းအသုံးစရိတ်များ၊ တင်ဒါပိုငွေနှင့် စီမံခန့်ခွဲမှု၊ လွှဲပြောင်းသုံးစွဲမှု၊ ပြီးပြတ်မှုမရှိသေးတဲ့လုပ်ငန်းများ၊ ငွေထုတ်ပေးထားမှုများ၊ ချို့ယွင်းအားနည်းချက်များကို ဖော်ပြထားပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုငွေကျပ် ၂၇၈. ၉၃၁ ဘီလီယံရှိခဲ့ပြီးတော့ ပြန်အပ်ငွေကျပ် ၉၇.၈၂၇ ဘီလီယံရှိတဲ့အတွက် ပြုပြင်ပြီးခန့်မှန်းခြေ အသုံးစရိတ်ဟာ ၁၈၁.၁၀၄ ဘီလီယံရှိခဲ့ပါတယ်။ ပြန်အပ်ငွေတွေနဲ့ ပတ်သက်လို့ ကြည့်မယ်ဆိုလို့ရှိရင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ခဲ့တဲ့အတွက် ပြန်လည်အပ်နှံ လွှဲပြောင်းပေးခဲ့တဲ့အတွက် ဒီ ပိုလျှံငွေတွေကို ပြန်လည်အပ်နှံရခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အစီရင်ခံစာမှာ အသေးစိတ်ဖော်ပြထားပါတယ်။

ပြုပြင်ပြီးခန့်မှန်းခြေ အသုံးစရိတ် ကျပ် ၁၈၁.၁၀၄ ဘီလီယံနဲ့ပတ်သက်ပြီးတော့မှ အသေးစိတ်ကို စာမျက်နှာ ၂ အပိုဒ် ၄ မှာ ဖော်ပြထားပါတယ်။ အဲဒီငွေစာရင်းခေါင်းစဉ်များ ထဲကနေပြီးတော့မှ ငွေလုံး ငွေရင်း အသုံးစရိတ်နဲ့ စပ်လျဉ်း၍ စိစစ်ခဲ့ခြင်းဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၄၇.၆၃၆ ဘီလီယံ ဖြစ်ပြီးတော့မှ အသေးစိတ်ကို အပိုဒ် ၅ မှာ ဖော်ပြထားပါတယ်။

နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျပ် ၁၄၂.၉၂၇ ဘီလီယံနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ မွေးထုတ်ပေးနေတဲ့ ပညာရေးနဲ့လေ့ကျင့်ရေးဦးစီးဌာနက ကျပ် ၄.၃၆၅ ဘီလီယံသုံးစွဲခဲ့ပါတယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်တိုင်းဒေသကြီးများနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးမှာ သုံးစွဲခဲ့တဲ့ အသုံးစရိတ်အသေးစိတ်ကို အပိုဒ် ၆ အောက်မှာရှိတဲ့ဇယားမှာ ဖော်ပြထားပါတယ်။ ပညာရေးနဲ့ လေ့ကျင့်ရေးဦးစီးဌာနက သုံးစွဲမှုကို အပိုဒ်(၇)မှာ ဖော်ပြထားပါတယ်။

လုပ်ငန်းတွေကို တင်ဒါစနစ်နဲ့ရွေးချယ်ခဲ့ပြီးတော့မှ ဈေးအနည်းဆုံး အခြေခံရွေးချယ်ခဲ့တဲ့ အတွက် တင်ဒါပိုငွေများ ဖြစ်ပေါ်ခဲ့ပါတယ်။ တင်ဒါပိုငွေ ကျပ် ၁.၅၁၈ ဘီလီယံဖြစ်ပါတယ်။ တင်ဒါ ပိုငွေများကို အဆင့်ဆင့် အတည်ပြုချက်များနဲ့ ပြန်လည်သုံးစွဲခဲ့တာကို တွေ့ရှိရပါတယ်။

ပြီးပြတ်မှု မရှိသေးတဲ့ လုပ်ငန်းများအနေနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်မှာ လုပ်ငန်းပေါင်း ၈၂ ခုရှိခဲ့ပြီးတော့မှ ၁၂-၂-၂၀၁၅ ရက်နေ့မှာ ၂၀ ခု ကျန် ရှိနေတာကိုတွေ့ရပါတယ်။ အသေးစိတ်ကို အပိုဒ် ၁၃ မှာတင်ပြထားပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာန တွေရဲ့ ရှင်းလင်းချက်ကို နောက်ဆက်တွဲ ခ(၁) ကနေပြီးတော့မှ နောက်ဆက်တွဲခ(၈)အထိ ရှင်းလင်း တင်ပြထားပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းပေါင်း ၂၂၃၈ ဖြစ်ခဲ့ပြီးတော့မှ ခွင့်ပြုငွေ ပေါင်း ကျပ်သန်း (၁၄၂.၉၂၆ ဘီလီယံ)နဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်မှာ ပြီးပြတ်မှုမရှိသေးတဲ့ လုပ်ငန်းပေါင်းဟာ (၈၂)ခုရှိနေပြီးတော့မှ ၁၂.၂.၂၀၁၅ ရက်နေ့မှာ လုပ်ငန်းပေါင်း ၂၀ ခု ကျန်ရှိနေတာကို ခွင့်ပြုငွေပေါင်းကတော့ ၂၇.၈၆၈ သန်း ရှိကြောင်း တွေ့ရှိရပါ တယ်။

ကျန်ရှိတဲ့လုပ်ငန်းတွေရဲ့ အခြေအနေကို ကြည့်မယ်ဆိုလို့ရှိရင်တော့ ကချင်ပြည်နယ်၏ ကျန်ရှိလုပ်ငန်း(၁)ခုမှာ ဆွမ်ပရာဘွမ်မြို့နယ်၊ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ခြင်းဖြစ်ပြီးတော့မှ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်သော တနိုင်းမြို့နယ် တဝါချောင်းတွင် ပေါင်း၍ စက်ရုံကြီး (၁)ရုံအဖြစ် လုပ်ငန်းပြောင်းလဲဆောင်ရွက်နေကြောင်း တင်ပြသိရှိရပါတယ်။ ပြီးစီးမှုမှာ ၄၀ ရာခိုင်နှုန်း ဖြစ်ပြီး အောင်ပြည့်ချမ်းသာ ကုမ္ပဏီမှ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့ ရေအားလျှပ်စစ် စက်ရုံရဲ့ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ်(၆၇၉.၅၀)သန်းဖြစ်ပြီးတော့မှနယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေ ငွေကျပ် (၁၇၉.၅၀) ထည့်ဝင် ဆောင်ရွက်ခြင်း ဖြစ်ပါ တယ်။

ကယားပြည်နယ်မှာတော့ ဖရူဆိုးမြို့နယ် နန်ဖဲ့-ကော်ခူ-ကေကောလမ်း(၄)မိုင် ကွန်ကရစ် ခင်းခြင်းလုပ်ငန်းဖြစ်ပြီးတော့မှ စောဌေးမြင့်ကုမ္ပဏီကနေ ဆောင်ရွက်သော လုပ်ငန်းဖြစ်ပါတယ်။ ပြီးစီး မှုမှာ ၂၄-၃-၂၀၁၅ ရက်နေ့ တင်ပြချက်အရ (၉၀.၉၄) ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရှိရ ပါတယ်။ ကျန်လုပ်ငန်း(၃)ခုမှာတော့ (၁၀၀) ရာခိုင်နှုန်းပြီးစီးကြောင်း တင်ပြသိရှိရပါတယ်။

ကရင်ပြည်နယ် ကျန်ရှိလုပ်ငန်း(၃)ခုမှာ ၂၄-၃-၂၀၁၅ ရက်နေ့ တင်ပြချက်များအရ ဘားအံ မြို့နယ်၊ ရေကျော်လေးကျေးရွာနှင့် မကြီးကျွန်းကျေးရွာအကြား (၁၅၀x၁၄x၇)ပေ သံကူကွန်ကရစ် တံတား ပြီးစီးမှု (၉၀) ရာခိုင်နှုန်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒုံ-အဇင်း-ပိုင်ကလိုင်-တောင်ကလေး လမ်း ပြီးစီးမှု (၉၀) ရာခိုင်နှုန်းနှင့် မြဝတီမြို့နယ် ထီးဝါကလေး-တာလေလမ်း ကျောက်ခင်းခြင်း (၁၀၀) ရာခိုင်နှုန်း ဖြစ်ကြောင်း တင်ပြသိရှိရပါသည်။

ချင်းပြည်နယ်မှာရှိတဲ့ ကျန်ရှိလုပ်ငန်းမှာ ၂၄-၃-၂၀၁၅ ရက်နေ့တင်ပြချက်အရ မင်းတပ် မြို့နယ်၊ မချုံ့ရွာသစ်-လိုမွဆန်အကြား လှက်လှောင်ချောင်း ကားကူကြိုးတံတား (၁၅၀)ပေဆောက်လုပ် ပြီးစီးမှုမှာ (၉၀) ရာခိုင်နှုန်းဖြစ်ကြောင်း တင်ပြသိရှိရပါသည်။

ရခိုင်ပြည်နယ် ကျန်ရှိလုပ်ငန်းမှာ ဘူးသီးတောင်-တောင်ဘဇာလမ်းပေါ်မှာရှိတဲ့ ကတ္တရာ လမ်း (၉)မိုင် လုပ်ငန်းဖြစ်ပြီးတော့မှ ဒွေးမိသားစုက ဆောင်ရွက်သော လုပ်ငန်းဖြစ်ပါတယ်။ ပြီးစီးမှုမှာ (၆၀) ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၃၀-၅-၂၀၁၅ ရက်နေ့မှာ ရာခိုင်နှုန်းပြည့် ပြီးစီးရေး ဆောင်ရွက်လျက် ရှိကြောင်း ၂၄-၃-၂၀၁၅ ရက်နေ့တင်ပြချက်အရ သိရှိရပါတယ်။

တနင်္သာရီတိုင်းဒေသကြီးမှ ကျန်ရှိလုပ်ငန်းများမှာ တံတား(၈)စင်း တည်ဆောက်ခြင်းနှင့် Box Curved (၁၉)ခု တည်ဆောက်ခြင်းလုပ်ငန်းဖြစ်ပါတယ်။ (၉၀) ရာခိုင်နှုန်းပြီးစီးကြောင်း၊၂၀၁၅ ခုနှစ် မတ်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း တင်ပြသိရှိရပါတယ်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ကျန်ရှိလုပ်ငန်း(၆)ခုရှိပြီးတော့မှ လဟယ်မှာ လုပ်ငန်း (၁)ခု၊ လေရှီးမှာ လုပ်ငန်း(၂)ခု၊ နန်းယွန်းတွင် လုပ်ငန်း(၃)ခုဖြစ်ပါတယ်။ ကျန်ရှိသော လုပ်ငန်းများ အနက် ကကယာ မှ ဆင်သေလဟယ်လမ်း ပြီးစီးမှု (၈၉.၃၅) ရာခိုင်နှုန်း၊ ပန်ဆပ်-ဆွမ်ပရာလမ်း ပြီးစီးမှု (၈၆.၆၃) ရာခိုင်နှုန်းနှင့် နန်းယွန်း-ပန်ဆောင်လမ်း ပြီးစီးမှု (၉၆.၂၁) ရာခိုင်နှုန်း၊ လုပ်ငန်း တန်ဖိုး စုစုပေါင်း ကျပ်သန်း ၁၂.၁၅၄ ဘီလီယံဖြစ်ပါတယ်။ နန်းယွန်း-ပန်ဆောင်လမ်းကိုတော့ ဆုလျှံထွန်း ကုမ္ပဏီကနေ ပြီးတော့ ဆောက်လုပ်နေပြီးတော့မှ ပြီးစီးမှု (၇၀) ရာခိုင်နှုန်း၊ ခွင့်ပြုငွေတန်ဖိုး ကျပ် ၂.၂၅၄ ဘီလီယံ ဖြစ်ပါတယ်။ နန်းယွန်း-ပန်ဆောင်လမ်း ငြိမ်းချမ်းရေးအဖွဲ့ကို ပြီးစီးမည့် (၇၅) ရာခိုင်နှုန်း၊ ခွင့်ပြုတန်ဖိုး ငွေကျပ်သန်း ၁.၈၉ ဘီလီယံဖြစ်ပါတယ်။ လေရှီးမြို့နယ် လမ်းများကိုတော့ ဂရိတ်ထိန်ညီ ကုမ္ပဏီက ဆောင်ရွက်နေပြီးတော့မှ ပြီးစီးမှုမှာ (၈၀)ရာခိုင်နှုန်း၊ ခွင့်ပြုတန်ဖိုးမှာ ၁.၂၅၅ ဘီလီယံဖြစ်ကြောင်း တင်ပြ သိရှိရပါတယ်။

ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျန်လုပ်ငန်း (၂)ခု ခွင့်ပြုတန်ဖိုး ၄၂၀ သန်းမှာ လမ်း/ တံတားလုပ်ငန်းအတွက် ကျပ်သန်း ၂၇၀ ၊ အိမ်ရာဆောက်လုပ်မှု လုပ်ငန်းအတွက် ကျပ်သန်း ၁၅၀ တို့ဖြစ်ပြီးတော့မှ ပအိုဝ့်ဦးစီးအဖွဲ့မှ တာဝန်ယူဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ ဖြစ်ကြောင်း တင်ပြသိရှိ ရပါတယ်။ ကွန်ကရစ်တံတား (၂၇၀)ပေ ၁၁ စင်းဆောက်လုပ်ခြင်း (၉၀) ရာခိုင်နှုန်း၊ အိမ်ယာ ၃၀ လုံး ဆောက်လုပ်ခြင်း (၆၀) ရာခိုင်နှုန်းတို့ ဆောင်ရွက်ပြီးစီးကြောင်း တင်ပြသိရှိရပါတယ်။

ပညာရေးစီမံကိန်းနဲ့ လေ့ကျင့်ရေးဦးစီးဌာနကတော့ လုပ်ငန်းပေါင်း(၉၇)ခု ဆောင်ရွက်ခဲ့ပြီး တော့မှ အားလုံးပြီးစီးပြီဖြစ်ကြောင်း တင်ပြသိရှိရပါတယ်။ အဲဒီမှာမပြီးသေးတဲ့ လုပ်ငန်းတွေမှာ ငွေ အပြည့်ထုတ်ပေးထားကြောင်း တွေ့ရှိရပါတယ်။ စာရင်းစစ်ဆေးပြီးစီးမှု အခြေအနေနဲ့ ပတ်သက်လို့ အပိုဒ် ၂၄ နဲ့ ၂၅ မှာတင်ပြထားပါတယ်။

အရည်အသွေး စံချိန်စံညွှန်းစစ်ဆေးမှု အခြေအနေကတော့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေ အပေါ် အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီခြင်း ရှိ/မရှိ အဖွဲ့များဖြင့် ပြည်ထောင်စု အဆင့်ဖွဲ့စည်း၍ စစ်ဆေးထားခြင်းမရှိပါဘူး။ စစ်ဆေးခဲ့ကြောင်း အစီရင်ခံစာများလည်း တင်ပြထား ခြင်းမရှိပါဘူး။

ဆက်လက်ပြီးတော့မှ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ ပတ်သက်ပြီးတော့မှ စိစစ်တွေ့ရှိချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနတစ်ခုလုံး မဟုတ်ဘဲ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနဲ့ လုပ်ငန်းများကိုသာ စိစစ်ခဲ့ကြောင်း ဦးစွာ တင်ပြလို ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ခွင့်ပြုငွေပေါင်းဟာ ၁၃၄.၂၇၄ ဘီလီယံ ရှိခဲ့ပြီးတော့မှ ငွေလုံးငွေရင်းအသုံးစရိတ်က ကျပ် ၁၀၉.၃၂၅ ဘီလီယံဖြစ်ကြောင်းတွေ့ရပါတယ်။ အသေးစိတ်ကို အပိုဒ် ၃၀ မှာ တင်ပြထားပါတယ်။

သုံးစွဲငွေများမှာကတော့ ဆောင်ရွက်ဆဲ ခရိုင်ချင်းဆက်လမ်းများ၊ ပြင်ထိန်းများအတွက် ၂.၅၀၁ ဘီလီယံ၊ လုပ်ငန်းသစ်များအတွက် ကျပ် ၁၀၆.၃၄၇ ဘီလီယံသုံးစွဲခဲ့ပါတယ်။ လမ်းတံတားလုပ်ငန်း မှာတော့ ၉၀.၅၇၂ ဘီလီယံ၊ ရေပေးဝေရေးလုပ်ငန်းမှာ ၉.၄၁၇ ဘီလီယံ၊ မီးလင်းရေးလုပ်ငန်းမှာ ၄.၃၂၈ ဘီလီယံ၊ အခြား ယင်လုံအိမ်သာ၊ စံပြအိမ်ရာ၊ အသက်မွေးဝမ်းကျောင်းစုစုပေါင်း ၂.၀၂၉ ဘီလီယံတို့ ဖြစ်ပါတယ်။ မြို့ရေပေးဝေရေး (ဂျပန် ချေးငွေ) ၁.၁၆၉ ဘီလီယံ ဖြစ်ပေမယ့် ၁.၀၁၇ ဘီလီယံကို ပြန်အပ် ထားပြီးတော့မှ ၀.၁၅၂ ဘီလီယံသာ အကောင်အထည်ဖော်နိုင်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

တင်ဒါပိုငွေတွေအနေနဲ့တော့ ၃.၂၁၇ ဘီလီယံရှိခဲ့ပြီးတော့မှ ပိုငွေ အများဆုံးဖြစ်ပေါ်ခဲ့တဲ့ လုပ်ငန်းက လမ်းတံတားလုပ်ငန်း ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ ရေပေးဝေရေးနဲ့ တတိယအနေနဲ့ ကျေးလက်မီးလင်းရေး လုပ်ငန်းတွေဖြစ်ကြောင်း တွေ့ရပါတယ်။ တင်ဒါပိုငွေတွေထဲက ၁.၅၈၃ ဘီလီယံ ပြန်လည်သုံးစွဲခဲ့ပြီးတော့ ၁.၅၁၄ ဘီလီယံ ပြန်လည်အပ်နှံခဲ့ကြောင်း တွေ့ရှိရပါတယ်။ အပ်နှံရန် ကျန် ငွေကျပ်သန်း ၀.၇၆၈ ကျန်ရှိနေကြောင်းလည်း တွေ့ရှိရပါတယ်။ တင်ဒါပိုငွေ ပြည်နယ်တိုင်း အလိုက် အသေးစိတ်ကို အပိုဒ် ၃၂ ဇယားမှာ ဖော်ပြထားပါတယ်။ တင်ဒါပိုငွေ ပြန်သုံးစွဲခဲ့တဲ့ လုပ်ငန်းတစ်ခု ချင်းကို အပိုဒ် ၃၄ မှာ ဖော်ပြထားပါတယ်။ ဒါကြောင့် လုပ်ငန်းသစ်များအတွက် သုံးစွဲငွေ စုစုပေါင်းမှာ ၁၀၅.၈၉၆ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် လုပ်ငန်းသစ်များအတွက် သုံးစွဲငွေဟာ ဆိုလို့ရှိရင် ၁၀၅.၈၉၆ ဘီလီယံ ဖြစ်ပါတယ်။ အပိုဒ် ၃၆ မှာ ရှင်းလင်းဖော်ပြထားပါတယ်။

စီမံကိန်းအရ ခွင့်ပြုငွေထက် ဘတ်ဂျက်ခွင့်ပြုငွေ ပိုမိုနေခြင်းမှာ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံ ရာ၌ မူလစီမံကိန်းလျာထားချက်၌ မပါဝင်သော လုပ်ငန်းသစ်များ တောင်းခံခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ တင်ဒါစနစ်သည် တန်ဘိုးအနည်းဆုံးအပေါ်မှာ အခြေခံရွေးချယ်တဲ့ မူဝါဒထားရှိခဲ့တဲ့အတွက် တင်ဒါပိုငွေ များ ဖြစ်ပေါ်ပြီးတော့ စံချိန်စံညွှန်းပြည့်မီမှု ရှိ/မရှိ စိစစ်ရန်လိုအပ်နေကြောင်း တွေ့ရှိရပါတယ်။

အပိုဒ် ၃၉ မှာတော့ ကျေးလက်မီးလင်းရေးလုပ်ငန်းများမှာ ပြည်နယ်တိုင်းဒေသအသီးသီး အကောင်အထည်ဖော်မှု၊ ဝန်ကြီးဌာနသတ်မှတ်မှု၊ ကွဲပြားနေတဲ့ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို စိစစ်တင်ပြထားပါတယ်။ ကျေးလက်မီးလင်းရေးလုပ်ငန်းတွေမှာ ရေအားလျှပ်စစ်၊ ဇီဝလောင်စာ၊ လျှပ်စစ် သွယ်တန်းခြင်းနှင့် ဆိုလာစနစ်နဲ့ မီးလင်းရေးလုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ ဆိုလာစနစ်နဲ့ မီးလင်းရေး လုပ်ငန်းတွေ အနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အိမ်ခြေပေါင်း ၁၈၃၄၂ အိမ်၊ တစ်အိမ်ကို ကျပ် ၂ သိန်းနှုန်းနဲ့ ငွေကျပ် ၃.၆၆၈ ဘီလီယံသုံးစွဲခဲ့ပါသည်။ တင်ဒါစနစ်နဲ့ အကောင်အထည်ဖော်တဲ့အပိုင်း မှာတော့ တင်ပြတဲ့စာရင်းတွေအရ အိမ်ခြေပေါင်း ၂၄၇၁၆ အကောင်အထည်ဖော်ခဲ့ ကြောင်းတွေ့ရှိရ ပါတယ်။ အကောင်အထည်ဖော်နိုင်မှုကို ယေဘုယျအားဖြင့် ကြည့်မယ်ဆိုရင် (၁၃၅) ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့တယ်လို့ ပြောလို့ရပေမယ့် မူလခွင့်ပြုခဲ့တဲ့ ကျပ် ၂ သိန်းတန်ပစ္စည်း အမျိုးအစား မရတော့ဘူး ဆိုတာကိုတော့ ဖော်ပြနေပါတယ်။ အိမ်ခြေပိုမို အကောင်အထည် ဖော်နိုင်မှုကို ကြည့်မယ်ဆိုလို့ရှိရင် စစ်ကိုင်းတိုင်းဒေသကြီးက ခွင့်ပြု (၂၇၇၇)အိမ်၊ အကောင်အထည် ဖော်တဲ့အိမ်က (၇၆၆၃) အိမ်၊ (၃)ဆနီးပါး ပိုမို အကောင်အထည်ဖော်နိုင်ခဲ့ပေမယ့် တစ်အိမ်ကို ပျမ်းမျှ ၅၀၀၀၀ နှင့်

၇၇၀၀၀ ကြားမှာ ရရှိခဲ့တာကို တွေ့ရှိရပါတယ်။ ဒုတိယအနေနဲ့ ဧရာဝတီတိုင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းက တစ်အိမ် ပျမ်းမျှ ၁၅၆၀၀၀ ခန့်ဖြစ်ပါတယ်။ တတိယကတော့ မန္တလေးတိုင်း ၁၈၀၀၀၀ ပတ်ဝန်းကျင် ဖြစ်ပါတယ်။ မကွေးတိုင်းကတော့ ၁၈၆၀၀၀ ကျော်ဖြစ်ကြောင်း တွေ့ရပါတယ်။ အသေးစိတ်ကိုတော့ အပိုဒ် ၄၀ ဇယားမှာ ဖော်ပြထားပါတယ်။

ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားတဲ့ အိမ်သုံးဆိုလာတပ်ဆင်ခြင်းစနစ်မှာ ပါဝင်ရမယ့် ပစ္စည်းသတ်မှတ်ချက်များကိုတော့ အပိုဒ် ၄၁ မှာ ဖော်ပြထားပါတယ်။ ဒီ သတ်မှတ်ချက်တွေဟာ စာရွက်ပေါ်က သတ်မှတ်ချက်တွေ မဟုတ်ဘဲနဲ့ မြေပြင်မှာ အမှန်တကယ်သက်ရောက်မှု ရှိ/မရှိ စိစစ်နိုင်မှု အားနည်းတဲ့အတွက် ပြည်သူတွေဟာ နိုင်ငံတော်က ခွဲဝေသတ်မှတ်ပေးတဲ့အတိုင်း မခံစားရဘူးဆိုတာကို ဖော်ပြနေပါတယ်။

စံပြအိမ်ယာ၊ ယင်လုံအိမ်သာ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ခေါင်းစဉ်အသီးသီးနဲ့ သုံးစွဲတဲ့ ငွေတွေဟာလည်း ပြည်သူတွေအတွက် ထိရောက်မှုရှိရဲ့လားဆိုတာကို ပြန်လည်စိစစ်သုံးသပ်ဖို့ လိုအပ်နေပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်မှုမရှိသေးတဲ့ လုပ်ငန်းတွေအပေါ်မှာ ဘဏ္ဍာ ရေးစည်းမျဉ်းကို ချိုးဖောက်ပြီးတော့မှ P.O တွေ ဝယ်ယူထားတာခြင်း၊ စာရင်းရှင် ဖွင့်လှစ်ထားခြင်း စတာတွေ့ကို တွေ့နေရပါတယ်။ အပိုဒ် ၄၅ နှင့် ၄၆ မှာ ဖော်ပြထားပါတယ်။

တင်ဒါစည်းကမ်းအရ ရက်လွန်ကြေးကောက်ယူမှုဟာ စည်းကမ်းနဲ့အညီ မဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။ အပိုဒ် ၄၇ မှာ ဖော်ပြထားပါတယ်။

အရေးကြီးဆုံးအပိုင်းကတော့ ကျွန်တော်တို့ ပြည်သူတွေ ခွဲဝေခွင့်ပြုပေးတဲ့ ဘဏ္ဍာငွေတွေအပေါ်မှာ တန်ရာတန်ကြေးရရဲ့လား၊ ရည်မှန်းချက်တွေ ပေါက်ရောက်အောင်မြင်ရဲ့လား၊ အကျိုးသက်ရောက်မှု ရှိရဲ့လားဆိုတာ ဆန်းစစ်သုံးသပ်တဲ့အပိုင်းနဲ့ အရေးယူဆောင်ရွက်မှု အပိုင်းဖြစ်ပါတယ်။ များစွာ အားနည်းနေတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် ချို့ယွင်းအားနည်းချက်များစွာကို တွေ့ရှိရပါတယ်။ ဖော်ပြထားတဲ့ ချို့ယွင်း အားနည်းချက်တွေဟာ တင်ပြထားတဲ့ အပိုင်းတွေကနေပြီးတော့မှ ကောက်နှုတ်တင်ပြထားခြင်းသာ ဖြစ်ပါတယ်။ မျက်မြင်သွားရောက်စစ်ဆေးတာ မဟုတ်တဲ့အတွက် မြေပြင်မှာ များစွာကွာခြားချက် ရှိနိုင်ကြောင်း ဝန်ခံပြောကြားလိုပါတယ်။ အစီရင်ခံစာအပိုဒ် ၄၈ ကနေပြီးတော့မှ ၅၁ အထိ ဖော်ပြ ထားပါတယ်။

ကိုယ်စားလှယ်တော်ကြီးတွေကို ဖြန့်ဝေထားတဲ့အစီရင်ခံစာမှာ နောက်ဆက်တွဲများအနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် ဝန်ကြီးဌာနများရဲ့ သုံးစွဲငွေ၊ မပြီးစီးတဲ့ လုပ်ငန်းတွေအပေါ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ရှင်းလင်းတင်ပြချက်များ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေနဲ့ ပတ်သက်ပြီး စစ်ဆေးထားတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ အစီရင်ခံစာ အပိုဒ်(၅)နဲ့ ပြည်နယ် တိုင်းဒေသကြီး အသီးသီးမှာ အကောင်အထည်ဖော်ခဲ့တဲ့ လုပ်ငန်းစတာတွေကို ကိုယ်စားလှယ်တော်ကြီးများ လေ့လာသိရှိနိုင်ရန် ဖော်ပြ တင်ပြပေးထားပါတယ်။

ဆက်လက်ပြီးတော့မှ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ သုံးသပ်ချက်နဲ့ တိုက်တွန်းချက်အပိုင်း ကို ဆက်လက် တင်ပြသွားပါ့မယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဆောင်ရွက်တဲ့လုပ်ငန်းများဟာ တူညီတဲ့လုပ်ငန်းများ များစွာရှိနေပါတယ်။ အလားတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ရန်ပုံငွေနဲ့ သုံးစွဲခဲ့တဲ့ လုပ်ငန်းများဟာလည်း တူညီနေကြသည်ကို တွေ့ရှိရပါတယ်။ အသေးစိတ်ကို နောက်ဆက်တွဲ(ဆ)ဖြင့် တင်ပြထားပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ သုံးစွဲခဲ့တဲ့အသုံးစရိတ်များကို ကြည့်မယ်ဆိုလို့ရှိရင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၁၄၂.၉၂၇ ဘီလီယံ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၁၀၈.၈၄၈၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေက ၁၄ ဘီလီယံ၊ စုစုပေါင်း ၂၆၅.၇၇၅ ဘီလီယံ သုံးစွဲခဲ့တာ တွေ့ရှိရပါတယ်။

အဲဒီလိုခွင့်ပြုခဲ့ဝေပေးတဲ့ အသုံးစရိတ်များအပေါ်မှာ အကျိုးသက်ရောက်မှုရှိရှိ၊ ထိရောက်စွာ သုံးစွဲရေးနှင့် နိုင်ငံတော်၏ချမှတ်ထားသော မူဝါဒများနဲ့အညီ ပြည်သူများ ပြည့်ဝစွာ အကျိုးခံစားခွင့်ရှိရေး အထူး လိုအပ်ပါတယ်။

ပြည်ထောင်စုဝန်ကြီးဌာန မူဝါဒများနှင့်အညီ ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးမှ ပြည်ထောင်စုကိုယ်စား အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ တူညီသော ရည်မှန်းချက်များ၊ စံချိန်စံညွှန်းသတ်မှတ်မှုများအတိုင်း လိုက်နာဆောင်ရွက် အကောင်အထည်ဖော်ရန် လိုအပ်သလို တင်ဒါအောင် ကုမ္ပဏီများရဲ့ ဆောင်ရွက်ချက်များကို စနစ်တကျစစ်ဆေးသုံးသပ်ခြင်း၊ တင်ဒါ စည်းကမ်းများအတိုင်း အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါတယ်။

တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ အကျိုးသက်ရောက်မှု ရှိ/မရှိ တိုင်းတာမှုတို့ဖြင့် အဆင့်ဆင့်ကြီးကြပ်ခြင်း စနစ်ထားရှိပြီးတော့မှ လိုအပ်တဲ့ အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းထားရှိရန် လိုအပ်ပါတယ်။ ညွှန်ကြားထားသော အဖွဲ့များအနေနဲ့ ထိရောက်စွာ စစ်ဆေး၍ အစီရင်ခံတင်ပြရန် လည်း လိုအပ်ပါတယ်။ အရေးယူဆောင်ရွက်ရန် လိုအပ်လျက် ရှိပါတယ်။

ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ခဲ့သော လုပ်ငန်းများသည် အများအားဖြင့် တူညီမှုရှိကြသော်လည်း စံသတ်မှတ်မှုများ မတူညီကြသဖြင့် ခွင့်ပြု ရန်ပုံငွေ ခွဲဝေရရှိကြသော ကျေးရွာ များအတွင်း ကျေးရွာတစ်ခုနှင့်တစ်ခု တူညီမှုမရှိကြတာကို တွေ့ရှိရပါသည်။ ပြည်ထောင်စုဝန်ကြီးဌာနများသည် တူညီသင့်သည်ဟု ယူဆပါသည်။ လမ်းလုပ်ငန်းတွင် တစ်ပိုင်းကုန်ကျစရိတ်၊ အဆောက်အအုံလုပ်ငန်းတွင် တစ်စတုရန်းပေ ကုန်ကျစရိတ်၊ ဆိုလာမီးစနစ်တွင် ဆိုလာအမျိုးအစား၊ ဝပ်အားနှင့် ပါဝင်ရမည့် ပစ္စည်းများသတ်မှတ်ချက် စတဲ့သတ်မှတ်ချက်တွေဟာ တူညီရန် အထူးလိုအပ်ပါတယ်။ ဒေသပေါက်ဈေးနှုန်းနဲ့ ကွာခြားမှုအလိုက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ်မှတ်ပေးထားသင့်ပါတယ်။

တိုက်တွန်းချက်

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ကြီးဌာနများရဲ့ ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ်တွေ့ရှိရသော အားနည်းချက်များ လျှော့နည်းစေရေးနှင့် ပြည်သူများအတွက် အကျိုးသက်

ရောက်မှု ပိုမိုရရှိစေရေးအတွက် အောက်ဖော်ပြပါ အချက်များအား ဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါသည် -

(က) တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

( ခ ) မပြီးပြတ်သေးသောလုပ်ငန်းများအား ပြီးပြတ်စေရေးနှင့် သဘောတူလက်မှတ်ရေးထိုးထားပြီးသော တင်ဒါစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ရန်၊

( ဂ ) ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများအတွက် သတ်မှတ်စံချိန်စံညွှန်းပြည့်မီမှုရှိ/မရှိနှင့် အားနည်းချက်၊ ချို့ယွင်းချက်များအပေါ် ချမှတ်ထားသော စည်းကမ်းများနှင့်အညီ အရေးယူ ဆောင်ရွက်ရန် ပြည်နယ်/တိုင်းဒေသကြီးအလိုက် စစ်ဆေးသွားရန်၊

(ဃ) ဒေသပေါက်ဈေးနှုန်း ကွာခြားမှုနှင့်အညီ ပြည်နယ်/တိုင်းဒေသကြီးများ၏ စံသတ်မှတ်ချက်များကို နှစ်အလိုက်ထုတ်ပြန်ပေးရန်၊

( င ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်မှန်းချက်အောက်တွင် ဆောင်ရွက်ကြသော လုပ်ငန်းများအား စနစ်တကျစီမံကိန်း၊ စီမံချက်ရေးဆွဲ၍ ဝန်ကြီးဌာနအလိုက် သတ်မှတ်ခွဲဝေတာဝန်ယူ၊ ခွဲဝေအကောင်အထည်ဖော်ရန်၊ ပြည်သူများ ရည်မှန်းချက်များနှင့်အညီ ခံစားခွင့် ရ/မရ ပြန်လည်သုံးသပ်သွားရန်၊

ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ယခု တင်ပြသွားတဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအား သုံးသပ်အတည်ပြုနိုင်ပါရန်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အစီရင်ခံစာများကိုလည်း ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ဘဏ္ဍာ ရန်ပုံငွေ ဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ ဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၄၀) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၄၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၁) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၁၂း၁၁ နာရီအချိန်တွင် ရပ်နားပါသည်။]